**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

နဝမနေ့**မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၃ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက် )**

**[ ကြာသပတေးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၀)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်းရဲ့ (၈၉.၂၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ ၇ - ၂ - ၂၀၁၉ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်မ ဒေါ်သီရိရတနာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ၂၀၁၉ ခုနှစ်၊ ကမ္ဘာလုံးဆိုင်ရာထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ဇင်းအတိုင်း။ ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ နေမကောင်းပါသဖြင့်။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ဇင်းအတိုင်း။ ဦးစိုင်းလုံစံခတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ရှမ်းပြည်နယ်နေ့ အခမ်းအနားတက်ရောက်ရန်။ ဒေါက်တာဇော်လင်းထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအေးဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ဇင်းအတိုင်း။ ဒေါ်နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၂၀၁၉ ခုနှစ်၊ ကမ္ဘာလုံးဆိုင်ရာထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်တို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၂)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၁၂)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၂၄)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။　　။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။　　။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး န၀မနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား

လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၄)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

## ငွေစက္ကူအတုများ ဖမ်းဆီးရမိမှုအပေါ် သက်ဆိုင်ရာမှ မည်သို့တုံ့ပြန် ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ယခု စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ် က ငွေစက္ကူအတုများ ဖမ်းဆီးရမိမှုအပေါ် သက်ဆိုင်ရာမှ မည်သို့တုံ့ပြန် ဆောင်ရွက်နေသည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ မေးခွန်းမေးမြန်းရတဲ့အကြောင်းအရင်းကို တင်ပြပါ့မယ်ခင်ဗျား။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံရဲ့ ဝင်ငွေလည်ပတ်စီးဆင်းမှုမှာ ငွေစက္ကူ အတုများ ဝင်ရောက်လာခြင်းဟာ အဲဒီနိုင်ငံရဲ့စီးပွားရေးကို ဆိုးဆိုးရွားရွားထိခိုက်စေပါတယ်။ ငွေစက္ကူ အတုများကြောင့် နိုင်ငံရဲ့ငွေကြေးဖောင်းပွမှု မြင့်မားလာမယ်။ အဲဒီနိုင်ငံရဲ့ တရားဝင်ငွေတန်ဖိုး ကျဆင်း

လာမယ်။ အခြေခံကုန်ပစ္စည်းများရဲ့ ဈေးနှုန်းမြင့်မားလာစေပြီး နိုင်ငံ့စီးပွားရေး ပြိုလဲသွားနိုင်လောက်တဲ့ အထိ အန္တရာယ်ရှိတယ်လို့ လေ့လာတဲ့သူတွေက ပြောဆိုကြပါတယ်။ ငွေစက္ကူအတု ပြုလုပ်သုံးစွဲခြင်းဟာ စီးပွားရေးအကြမ်းဖက်မှုတစ်ခုဖြစ်တယ်လို့တောင် ပြောဆိုကြပါတယ်။ မြန်မာကျပ်ငွေ(၅၀၀၀)တန်နဲ့ ကျပ်(၁၀၀၀၀)တန်အတုများ ဖမ်းဆီးရမိတဲ့ အခြေအနေတွေကိုလည်း ပုံနှိပ်မီဒီယာကနေတစ်ဆင့် သိရှိနေရပါတယ်။ ရွှေတိဂုံစေတီတော် တောင်ဘက်စောင်းတန်းပေါ်မှာရှိတဲ့ ပြည်ပငွေကြေးကောက်ခံရေး ကောင်တာမှာ အခွန်ဆောင်ရန် ငွေပေးချေတဲ့ စင်ကာပူနိုင်ငံသား ဇနီးမောင်နှံနှစ်ဦးထံမှ (၁၀၀၀၀) ကျပ်တန် မြန်မာငွေစက္ကူအတု(၄၅)ရွက် သိမ်းဆည်းရမိခဲ့ကြောင်းနဲ့ အဲဒီငွေစက္ကူတွေကို စင်ကာပူနိုင်ငံ ငွေလဲလှယ်တဲ့ဆိုင်တစ်ဆိုင်က အိန္ဒိယလူမျိုးတစ်ဦးဆီကနေ စင်ကာပူဒေါ်လာ(၄၀၀)နဲ့ လဲလှယ်ခဲ့ကြောင်း ၂၉ - ၁၁ - ၂၀၁၈ ရက်နေ့ထုတ် The Voice Daily သတင်းစာအရ သိရှိရပါတယ်။

၂၈-၅-၂၀၁၈ ရက်နေ့ထုတ် The Voice Daily သတင်းစာမှာလည်း တွံတေးမြို့၊ မြို့မဈေးမှာ ကျပ်(၁၀၀၀၀)တန် မြန်မာငွေစက္ကူအတုများဖြင့် ဈေးဝယ်နေသူ ဒေါ်အေးသန်း ထံမှ ကျပ်(၁၀၀၀၀)တန် ငွေစက္ကူအတု(၃၁)ရွက် သိမ်းဆည်းရမိလို့ တွံတေးမြို့မရဲစခန်းမှာ (ပ)၄၅၅/၁၈ နဲ့ နိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၁၀၅၊ ၁၀၆ အရ အမှုဖွင့်စစ်ဆေးခဲ့ကြောင်းနှင့် အမှုကွင်းဆက် တရားခံကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါတယ်။ ၁၇ - ၅ - ၂၀၁၈ ရက်နေ့ထုတ် The Voice Daily သတင်းစာမှာတော့ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့မှာ ကျပ်(၁၀၀၀၀)တန် ငွေစက္ကူအတု(၁၀၃၅)ရွက် ဖမ်းဆီးရမိကြောင်း ပါရှိလာပါတယ်။ သတင်းဖော်ပြချက်အရ သိရှိရတာက ၁၅ - ၅ - ၂၀၁၈ ရက်နေ့မှာ မန္တလေးမြို့နေ ဦးအောင်ဆန်းဝင်း ဆိုသူထံမှ ကျပ်(၁၀၀၀၀)တန် ငွေစက္ကူအတု အရွက်(၃၀၀) ဖမ်းဆီးရမိပြီး ၎င်းရဲ့ထွက်ဆိုချက်အရ ပခုက္ကူမြို့၊ အမှတ်(၆)ရပ်ကွက်၊ (၉)လမ်းရှိ ဦးကိုလေး၏ နေအိမ်မှာ တည်းခိုနေထိုင်တဲ့ ဦးကျော်ဟိန်း ထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရပြီး ဦးကျော်ဟိန်း ဆိုသူမှာ ပခုက္ကူမြို့မှ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့သို့ ယာဥ်မောင်းတစ်ဦးအနေနဲ့ ရောက်ရှိချိန် အိန္ဒိယနိုင်ငံ၊ မိုးရေးမြို့နေ ကသည်းလူမျိုးတစ်ဦးထံမှ ကျပ်(၁၀၀၀၀၀)ကို ကျပ်(၃၀၀၀၀) နှုန်းဖြင့် ဝယ်ယူခဲ့ကြောင်း ဦးကျော်ဟိန်း က ထွက်ဆိုခဲ့တယ်လို့ သိရှိရပါတယ်။

လွန်ခဲ့တဲ့ (၆)နှစ်၊ (၇)နှစ်လောက်ကလည်း စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့မှာ (၅၀၀၀)ကျပ်တန် ငွေစက္ကူအတုတွေနဲ့ တရားခံတစ်ဦးကို ဖမ်းဆီးရမိကြောင်း၊ ၎င်းတရားခံရဲ့ ထွက်ဆိုချက်အရ အိန္ဒိယနိုင်ငံ၊ မိုးရေးမြို့နေ အိန္ဒိယနိုင်ငံသား ချင်းအမျိုးသမီးတစ်ဦးထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရပါတယ်။ ငွေစက္ကူအတုတွေဟာ မိမိနိုင်ငံထက် နည်းပညာအရ ပိုမိုသာလွန်ကောင်းမွန်တဲ့ အိမ်နီးချင်းနိုင်ငံတွေဆီက နယ်စပ်ဖြတ်ကျော် ရောက်ရှိလာတာဖြစ်လို့ အိမ်နီးချင်းနိုင်ငံတွေနဲ့ ဘယ်လိုပူးပေါင်းဆောင်ရွက်နေတယ်ဆိုတာ သိရှိလိုပါတယ်။ မြန်မာ့စီးပွားရေးဘဏ်၊ ပုဂ္ဂလိကဘဏ်တွေမှာ Counterfeit Detection Machines၊ Ultra - violet Light Devices တို့လို ငွေအတု၊ အစစ် ခွဲခြားနိုင်တဲ့ အဆင့်မြင့်ကိရိယာတွေ တပ်ဆင်ထားရှိမှုအခြေအနေကို သိရှိလိုပါတယ်။ ငွေစက္ကူအတုနဲ့ ပတ်သက်ပြီး အတုမှန်းသိလျက်နဲ့ သုံးလျှင် ဥပဒေအရ ထောင်ဒဏ်(၃)နှစ်၊ အတုပြုလုပ်သူကို အနှစ်(၂၀) ချလို့ရတယ်လို့ သိရပါတယ်။ အတုမှန်းမသိဘဲ သုံးစွဲမိသူဆိုလျှင်ရော၊ ဘယ်လို အရေးယူဆောင်ရွက်မှာလဲ။ တွံတေးမြို့၊ မြို့မဈေးမှာ ငွေစက္ကူအတုနဲ့ဈေးဝယ်တဲ့ ဒေါ်အေးသန်း အမှုရဲ့ ကွင်းဆက်

တရားခံကို ဖော်ထုတ်နိုင်ပါပြီလား။ ဒေါ်အေးသန်း က ငွေစက္ကူအတုမှန်းသိလျက်နဲ့ သုံးစွဲသူလား။ အတုမှန်းမသိဘဲ သုံးစွဲခဲ့မိသူလား။ စင်ကာပူနိုင်ငံသား ဇနီးမောင်နှံနှစ်ယောက်ဆီက သိမ်းဆည်းရမိတဲ့ ငွေစက္ကူအတုတွေဟာ စင်ကာပူနိုင်ငံကဆိုတော့ ငွေတုပြုလုပ်သူ၊ ငွေတုပြုလုပ်တဲ့ အဖွဲ့အစည်းတွေကို ဖော်ထုတ်ဖမ်းဆီးနိုင်ဖို့ စင်ကာပူနိုင်ငံအစိုးရနဲ့ မည်သို့ဆောင်ရွက်နေသည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီး မှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၂။**

**ဦးစိုးမင်း (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်နဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ဖြေကြားချက်များနဲ့ ပေါင်းစပ်ဖြေကြားသွားမှာဖြစ်ပါတယ်။

ငွေစက္ကူအတုများနဲ့ ပတ်သက်ပြီးတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေမှာ ပုဒ်မ ၁၀၁၊ ၁၀၅ တို့အရလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ငွေစက္ကူအတုပြုလုပ်မှုနဲ့ ပတ်သက်ပြီး ရာဇသတ်ကြီး ပုဒ်မ ၄၈၉ - က၊ ၄၈၉ - ခ၊ ၄၈၉ - ဂ၊ ၄၈၉ - ဃ တို့အရလည်းကောင်း အရေးယူဆောင်ရွက်ပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၁၀၁ မှာ မည်သူမျှ ဗဟိုဘဏ်ကထုတ်ဝေသော ငွေစက္ကူ၊ ဒင်္ဂါးနှင့် လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းတစ်မျိုးမျိုးကို အတုမှန်းသိလျက်နဲ့ သုံးစွဲခြင်း မပြုလုပ်ရဟု တားမြစ်ချက်ကို ဖော်ပြထားပါတယ်။ အဆိုပါ တားမြစ်ချက်ကို ကျူးလွန်ဖောက်ဖျက်ပါက ပုဒ်မ ၁၀၅ အရ မည်သူမဆို ပုဒ်မ ၁၀၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ဖြစ်စေ၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ဘဏ်များအနေနဲ့ ငွေစက္ကူအတု လက်ခံရရှိတယ် ဆိုလို့ရှိရင် ငွေပေးသွင်းလာတဲ့သူကို အတုဖြစ်ကြောင်း၊ ပြစ်မှုမြောက်နိုင်သော ပစ္စည်းဖြစ်ကြောင်း နားလည်အောင် ပြသရှင်းလင်းပြီးတော့ ပေးသွင်းလာသူအမည်နဲ့ သက်ဆိုင်တဲ့ အချက်အလက်၊ ငွေအတု လက်ခံရရှိပုံတို့ကို ပြည့်စုံစွာဖြည့်စွက် မှတ်တမ်းရယူထားရှိရပါမယ်။ ၎င်းမှတ်တမ်းမိတ္တူကို Custormer ထံကို ပေးအပ်ရမှာဖြစ်ပြီးတော့ ငွေစက္ကူအတုပေါ်မှာလည်း ငွေစက္ကူအတုလို့ ရိုက်နှိပ်ပြီးတော့ ဘဏ်က သိမ်းဆည်းရမှာဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ဘဏ်ခွဲတာဝန်ခံက သိမ်းဆည်းထားတဲ့ ငွေစက္ကူအတုကို စုံစမ်းစစ်ဆေး မှုများ ပြုလုပ်နိုင်ရန် ငွေစက္ကူအတုနဲ့ ပတ်သက်တဲ့ အရင်းအမြစ်များ ဖော်ထုတ်အရေးယူနိုင်ရန်အတွက် သက်ဆိုင်ရာ မြို့နယ်ရဲစခန်းကို အပ်နှံရမှာဖြစ်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကို မိတ္တူပေးပို့ရမှာ ဖြစ်ပါတယ်။ ဘဏ်များအနေနဲ့ ငွေစက္ကူအတုကို တွေ့ရှိလို့ရှိရင် လိုက်နာဆောင်ရွက်ရမယ့် ညွှန်ကြား

ချက်ကို ပုံစံနှင့်တကွ ညွှန်ကြားခဲ့ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website မှာလည်း ဖော်ပြထားပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးမြန်းချက်ပါ ငွေစက္ကူအတု ခွဲခြားနိုင်တဲ့ အဆင့်မြင့်ကိရိယာတွေ တပ်ဆင်ထားရှိမှု အခြေအနေနဲ့ပတ်သက်လို့ အခုခေတ်မှာတော့ counter Machines တွေမှာ ဒီ infrared rediation အတွက် infrared sensor တွေ၊ ultraviolet rediation တွေအတွက် ultraviolet sensor တွေ၊ Magnetic ink အတွက် Magnetic sensor တွေကို Counter Machines တွေမှာ ပါဝင်ပြီးဖြစ်ပါတယ်။ ငွေစက္ကူအတု တွေ့မယ်ဆိုလို့ရှိရင်တော့ (Reject Notes)အဖြစ် ခွဲထုတ်ပေးနိုင်တဲ့ sensor တွေပါရှိတဲ့ ငွေစက္ကူရေတွက်စက်များကို သုံးစွဲလျက်ရှိပါတယ်။

ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ အတုမှန်းမသိဘဲ သုံးစွဲမိသူဆိုရင်ရော ဘယ်လိုအရေးယူဆောင်ရွက်မလဲ ဆိုတဲ့မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဥပဒေပြဋ္ဌာန်းချက်မှာ အတုမှန်းသိလျက်နှင့် သုံးစွဲခြင်းမပြုလုပ်ရလို့ သတ်မှတ်ပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက် ဥပဒေပြဋ္ဌာန်းချက်အရတော့ ရှင်းလင်းပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ပြည်တွင်းမှာ ငွေစက္ကူအတု သို့မဟုတ် ငွေအကြွေစေ့အတုများကို သိမ်းဆည်းရမိပါက ရဲလက်စွဲပထမတွဲ အပိုဒ် ၁၆၂ မှ အပိုဒ် ၁၆၈ အထိ ပြဋ္ဌာန်းထားသောလုပ်ထုံးလုပ်နည်း၊ ရဲလက်စွဲဒုတိယတွဲ အပိုဒ် ၁၄၅၈ မှ အပိုဒ် ၁၄၆၃ အထိ ပြဋ္ဌာန်းထားသောလုပ်ထုံးလုပ်နည်းတို့အရ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ ငွေစက္ကူအတုများ တွေ့ရှိပါကအဆိုပါ ငွေစက္ကူရဲ့ အရင်းအမြစ် တိကျခိုင်မာမှုမရှိလျှင် တွေ့ရှိရာဒေသရဲ့ ခရိုင်ရဲတပ်ဖွဲ့မှူးက ဆက်လက်စုံစမ်းစစ်ဆေးခြင်းမပြုရန် ဆုံးဖြတ်ရပြီးတော့ ငွေစက္ကူအတုကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ပေးပို့ရမှာဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ တွံတေးမြို့၊ မြို့မဈေးက အမည်နဲ့ မေးမြန်းထားလို့ အမည်တွေနဲ့ပဲ ဖြေကြားသွားပါမယ်။ တွံတေးမြို့၊ မြို့မဈေးက ငွေစက္ကူအတုနဲ့ ဈေးဝယ်တဲ့ ဒေါ်အေးသန်းအမှုရဲ့ ကွင်းဆက်တရားခံကို ဖော်ထုတ်မှုနဲ့ ပတ်သက်လို့ကတော့ ၂၆ - ၅ - ၂၀၁၈ ရက်နေ့ တွံတေးမြို့နေ ဒေါ်အေးသန်း ထံမှ ငွေစက္ကူ(၁၀၀၀၀)ကျပ်တန် အတု(၃၁)ရွက်ကို ဖမ်းဆီးရမိမှုအား တွံတေးမြို့နယ်၊ မြို့မရဲစခန်း (ပ)၄၅၅/၂၀၁၈၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၁၀၅၊ ၁၀၆ ဖြင့် အမှုဖွင့်စစ်ဆေးခဲ့တဲ့အခါမှာ ဆိပ်ကြီးခနောင်တိုမြို့၊ မြို့သစ်(၁)ရပ်ကွက်၊ ဗိုလ်လရောင်လမ်းနေ ရဲကျော်သူ (ဖမ်းမမိ)မှ ကျပ်(၁၀၀၀၀)တန် ငွေစက္ကူအတုများအား သုံးစွဲပေးပါက အကျိုးအမြတ်ပေးမည်ဟု ပြောဆိုကာ ငွေစက္ကူအတု(၄၂)ရွက်အား သုံးစွဲခဲ့ခြင်းဖြစ်သဖြင့် တရားခံ ရဲကျော်သူ (ဖမ်းမမိ)အား အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်ထားရှိပြီး တရားခံ ဒေါ်အေးသန်း အား တွံတေးမြို့နယ်၊ တရားရုံးသို့ ရာဇဝတ်ကြီးမှု အမှတ် (၉၁/၂၀၁၈) ရာဇဝတ်အထွေထွေအမှုအမှတ် (၉၂/၂၀၁၈) တို့ဖြင့် တရားစွဲဆိုတင်ပို့ခဲ့ရာ ဒေါ်အေးသန်း ကို ငွေစက္ကူအတုမှန်းသိလျက် အသုံးပြုသဖြင့် အလုပ်နှင့် ထောင်ဒဏ်တစ်နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီးဖြစ်ပါတယ်။

စင်ကာပူနိုင်ငံသား ဇနီးမောင်နှံမှ သိမ်းဆည်းရမိတဲ့ မြန်မာငွေစက္ကူအတုတွေနဲ့ ပတ်သက်ပြီးတော့ စင်ကာပူနိုင်ငံ ငွေလဲကောင်တာကနေ မြန်မာငွေအတု လဲလှယ်ပေးမှုအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီးနဲ့ စင်ကာပူနိုင်ငံ ရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီးတော့ စင်ကာပူနိုင်ငံမှာရှိတဲ့ ငွေလဲကောင်တာ(၁၈)ခုကို ဝင်ရောက်စစ်ဆေးခဲ့ရာမှာ (၁၀၀၀၀)ကျပ်တန် ငွေစက္ကူအတု(၅၅၀၀)ရွက် သိမ်းဆည်းရမိ၍ စင်ကာပူနိုင်ငံမှာ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ စင်ကာပူနိုင်ငံမှာ

ဖမ်းဆီးရမိတဲ့ စစ်ဆေးပေါ်ပေါက်ချက်အရ ငွေစက္ကူအတုများနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံသား ဝေလင်းထွန်း(စိစစ်ဆဲ)နှင့် တရားမဝင် ငွေလွှဲဆောင်ရွက်သူ အန်ထော်နီ ပါဝင်ပတ်သက်ကြောင်း ပေါ်ပေါက်လို့ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဝေလင်းထွန်း နှင့် အန်ထော်နီ(ဖမ်းမမိ)တို့အား အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ငွေစက္ကူအတု ပြုလုပ်ခြင်း၊ ပြည်ပမှ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ အတုမှန်းသိလျက် အသုံးပြုခြင်းတို့ကို ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိပြီး သယ်ဆောင်ခြင်း၊ အသုံးပြုခြင်းကို အတုမှန်းမသိကြောင်း ခိုင်မာသောအထောက်အထားရှိလျှင် အခုအချိန်မှာ အရေးယူ အပြစ်ပေးခြင်းမရှိပါ။ ပြည်ပမှ ငွေစက္ကူအတုများ တင်သွင်းမှုမရှိနိုင်ရေးအတွက် နိုင်ငံရဲ့ နယ်စပ် တစ်လျှောက်မှာ တားဆီးမယ့်အစီအမံနဲ့ စီမံချက်များ ရေးဆွဲဖော်ထုတ် ဖမ်းဆီးလျက်ရှိပါကြောင်းနဲ့ ပြည်ပမှ ငွေစက္ကူအတုများ ပြုလုပ်စစ်ဆေးပေါ်ပေါက်ပါက သက်ဆိုင်ရာ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဖော်ထုတ်အရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းများသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်း ပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ရေးမြို့နယ်၊ အံဒင်ကျေးရွာအုပ်စု၊ ရေပေါ်သောင်ကွင်း၊ ကွင်းအမှတ် (၁၁၄၃)ရှိ အစိုးရမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေဧရိယာ(၁၉၀)ဧကအား ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော၊ ဒီရေတော တည်ထောင်ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ က မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ရေးမြို့နယ်၊ အံဒင်ကျေးရွာအုပ်စု၊ ရေပေါ်သောင်ကွင်း၊ ကွင်းအမှတ်(၁၁၄၃)ရှိ အစိုးရမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေဧရိယာ(၁၉၀)ဧကအား ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော၊ ဒီရေတော တည်ထောင်ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ အားလုံးကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံ ကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်သီဟ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ရေးမြို့နယ်၊ အံ့ဒင်ကျေးရွာအုပ်စုမှာ ပလိုင်သိမ်၊ နှီးနှူး၊ သာကရဲ၊ အံ့ဒင်၊ နှစ်တရုပ်၊ အံ့ဒင်ရွာသစ်နှင့် ရေပေါ်သောင်ကျေးရွာ စတဲ့ကျေးရွာ(၇)ရွာဖြင့် စုဖွဲ့ထားပါတယ်။ ဖာလိန်တောင်တန်းကို အမှီပြု၍ ထိုဒေသကို ဖာလိန်ဒေသဟုခေါ်တဲ့ အံ့ဒင်ကျေးရွာအုပ်စုဟာ အဓိကအားဖြင့် ပင်လယ်ငါးဖမ်းခြင်း၊ ကွမ်းသီးခြံနှင့် ဆန်စပါးစိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါတယ်။

ရေပေါ်သောင်ကျေးရွာဟာ အံ့ဒင်ကျေးရွာရဲ့ အနောက်မြောက်အရပ်မှာရှိပြီး (၁)မိုင်ကျော်ခန့်ဝေးတဲ့ ရေပေါ်သောင်ကျေးရွာအနီးမှာ ပင်လယ်ဆားငန်ရေ လွှမ်းနေသော မြေလွင်ပြင်ကြီးရှိပြီး ဒီရေတောအပင်များ မျိုးစိတ်စုံလင်စွာ သဘာဝအလျောက် ပေါက်ရောက်နေပါတယ်။ ယခင်က ထိုနေရာမှာ ဒေသခံမွန်လူမျိုး လယ်သမားများက တာတမံဖို့၍ လယ်ကွက်များဖော်ကာ စပါးစိုက်ပျိုးခဲ့ကြပါတယ်။ လွန်ခဲ့တဲ့အနှစ်(၂၀)ခန့်က ယင်းတာတမံ ကျိုးပျက်ပြီး ပင်လယ်ဆားငန်ရေလွှမ်းသွားသဖြင့် လယ်စိုက်ပျိုးနိုင်ခြင်း မဖြစ်ထွန်းခဲ့တော့ပါ။ တာတမံထပ်ဖို့ရန် ငွေကြေး၊ နည်းပညာအခက်အခဲများကြောင့် ယင်းမြေနေရာဟာ ပင်လယ်ရေ၊ ဆားငန်ရေဝင်ခဲ့ရာမှ ဒီရေတောအပင်များ သဘာဝအလျောက် ဖြစ်ထွန်းပေါက်ရောက်လျက်ရှိပါတယ်။

၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းမှာ ဒေသခံများက မြို့နယ်သစ်တောဦးစီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့နဲ့ ဆက်သွယ်ပြီး ဆားငန်ရေ ဝင်ခဲ့ရာမှ ဒီရေတောအပင်များ သဘာဝအလျောက် ဖြစ်ထွန်းနေတဲ့နေရာကို ထပ်မံစိုက်ပျိုးပြုစုပြီး ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောနေရာအဖြစ် ထိန်းသိမ်းရန် ကြိုးစားလုပ်ဆောင်ခဲ့ကြပါတယ်။ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြေ(၁၉၀)ဧကကို တိုင်းတာပေးခဲ့ပြီး ဒီရေတော စိုက်ပျိုးထိန်းသိမ်းရန် မြေနေရာအဖြစ် မြေပုံ ထုတ်ပေးခဲ့ကြပါတယ်။ ထို့ကြောင့် အံ့ဒင်ကျေးရွာအုပ်စုမှ ဆရာတော်သံဃာတော်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနဲ့အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံများနဲ့ မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်းပြီး သတ်မှတ်ထားတဲ့ ဧက(၁၉၀)မှာ ဒီရေတောစိုက်ပျိုးပွဲတော်များ ကျင်းပပြီး နှစ်စဉ် စိုက်ပျိုးလာခဲ့ရာမှာ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်များမှာ အပင်ပေါင်း(၁၀၀၀၀)ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ထိုမှတစ်ဆင့် ဒေသခံပြည်သူများ စုပေါင်းပါဝင်တဲ့ အိမ်ထောင်စု(၄၀)ပါ အသုံးပြုသူများအဖွဲ့ ဖွဲ့စည်းပြီးတော့ ဒီရေတော စိုက်ပျိုးထိန်းသိမ်းခဲ့သည်မှာ ယနေ့အချိန်အထိ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ဒါကတော့ ဒီရေတော အပင်ကြီးထွားမှုနှုန်း တိုင်းတာတဲ့အဖွဲ့ ဖြစ်ပါတယ်။ ဒါ ဒေသခံပြည်သူများ ဒီရေတော အပင်ကြီးထွားမှုနှုန်း တိုင်းတာဆန်းစစ် သုတေသနပြုလုပ်နေတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ ဒီရေတောအပင်များကို တွေ့ရတဲ့ပုံ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီရေတော တည်ထောင်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်း၊ သဘာဝဘေးအန္တရာယ်၊ ရေဘေး၊ လေဘေး၊ ဆူနာမီ ဘေးကဲ့သို့သော ဘေးတို့မှ ကာကွယ်နိုင်ခြင်း၊ လယ်ယာလုပ်ကိုင်သော တောင်သူများရဲ့ ပင်လယ်ရေငန် တာတမံများ ကျိုးပေါက်ပျက်စီးမှု လျော့ပါးလာစေခြင်း၊ ဒေသခံပြည်သူတို့ လိုအပ်သော ထင်း၊ လောင်စာ အိမ်အသုံးအဆောင်

ပရိဘောဂများ ထုတ်ယူသုံးစွဲနိုင်ခြင်း၊ ဒေသခံပြည်သူများရဲ့ ကျန်းမာရေးအတွက်လိုအပ်တဲ့ ပရဆေးပင်များ၊ တိုင်းရင်းဆေးဝါးများ၊ ထုတ်ယူသုံးစွဲနိုင်ခြင်း၊ သဘာဝဂေဟစနစ် ပြန်လည်ကောင်းမွန်လာစေခြင်းဖြင့် ရေသယံဇာတ၊ ငါး၊ ပုစွန်၊ ကဏန်းများ ပေါကြွယ်ဝခြင်းနှင့် ကျေးငှက်တိရစ္ဆာန်များမှီခိုကျက်စားနိုင်ခြင်း၊ ကမ္ဘာကြီးပူနွေးမှုကိုဖြစ်စေသော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ် လျော့နည်းစေခြင်းများကို များစွာ အထောက်အကူပြုခြင်း စတဲ့ရည်ရွယ်ချက်များ ပါဝင်ပါတယ်။

ထို့ကြောင့် မြေလွတ်၊ မြေရိုင်းနေရာမှာ ပါဝင်သော အံ့ဒင်ကျေးရွာအုပ်စု၊ ရေပေါ်သောင်ကွင်း၊ ကွင်းအမှတ်(၁၁၄၃)ရှိ အစိုးရမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေဧရိယာ(၁၉၀)ဧကအား ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော၊ ဒီရေတော တည်ထောင်ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

စိုက်ပျိုးထားသည့် ဒီရေတောအပင် ကြီးထွားမှုနှုန်းတိုင်းတာ ဆန်းစစ်သည့်အဖွဲ့ မြင်ကွင်းပုံ (ပ)



ဒေသခံပြည်သူများက ဒီရေတော အပင်ကြီးထွားမှုနှုန်း တိုင်းတာဆန်းစစ် သုတေသန ပြုလုပ်နေသည့် မြင်ကွင်းပုံ (ပ-၁)



ဒီရေတောအပင်များကို တွေ့သည့် မြင်ကွင်းပုံ (ပ-၂)




**အရှုံးဖြင့် လည်ပတ်နေသော တကောင်းနီကယ်သတ္တုသိုက်အား ထုတ်လုပ်မှုအပေါ် အမြတ်ခွဲဝေခံစားသည့်စာချုပ်ဖြင့် လုပ်ကိုင်ခွင့်ပြုထားသော Myanmar CNMC Nickel Co.Ltd အား ထုတ်လုပ်မှုရပ်ဆိုင်းရန် အစီအစဉ် ရှိ/မရှိ၊ ဒီဇိုင်းပါ ဖယ်ရိုနီကယ်တစ်တန် ထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာ (၁၅၂၀၀)နှုန်းအား ပြန်လည်ဆန်းစစ်ရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သို့ဆောင်ရွက်မည်ကို သိရှိလိုခြင်းတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမိုးမြင့်(ခ) ဆင်မြူရယ် က အရှုံးဖြင့် လည်ပတ်နေသော တကောင်း နီကယ်သတ္တုသိုက်အား ထုတ်လုပ်မှုအပေါ် အမြတ်ခွဲဝေခံစားသည့် စာချုပ်ဖြင့် လုပ်ကိုင်ခွင့်ပြုထားသော Myanmar CNMC Nickel Co.Ltd အား ထုတ်လုပ်မှုရပ်ဆိုင်းရန် အစီအစဉ် ရှိ/မရှိ၊ ဒီဇိုင်းပါ ဖယ်ရိုနီကယ်တစ်တန် ထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာ(၁၅၂၀၀)နှုန်းအား ပြန်လည်ဆန်းစစ်ရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သို့ ဆောင်ရွက်မည်ကို သိရှိလိုခြင်းတို့နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမိုးမြင့်(ခ)ဆင်မြူရယ် ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်ခင်ဗျား။ မေးမြန်းမယ့် မေးခွန်းကတော့ အရှုံးဖြင့်လည်ပတ်နေသော တကောင်းနီကယ်သတ္တုသိုက်အား ထုတ်လုပ်မှုအပေါ် အမြတ်ခွဲဝေခံစားသည့်စာချုပ်ဖြင့် လုပ်ကိုင်ခွင့်ပြုထားသော Myanmar CNMC Nickel Co.Ltd အား ထုတ်လုပ်မှုရပ်ဆိုင်းရန် အစီအစဉ် ရှိ/မရှိ၊ ဒီဇိုင်းပါ ဖယ်ရိုနီကယ်တစ်တန် ထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာ

(၁၅၂၀၀)နှုန်းအား ပြန်လည်ဆန်းစစ်ရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သို့ဆောင်ရွက်မည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

တကောင်း နီကယ်ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားတဲ့စာချုပ်ရယ် Myanmar CNMC Nickel Co.,Ltd ကို ၂၁ - ၇ - ၂၀၀၈ ရက်နေ့က သဘောတူစာချုပ်နဲ့ လုပ်ကိုင်ခွင့်ပြုခဲ့ပါတယ်။ ဒီစာချုပ်အရ ထုတ်လုပ်ရရှိတဲ့ ဖယ်ရိုနီကယ်ကနေပြီးတော့ ဓာတ်သတ္တုခွန်(၄)ရာခိုင်နှုန်း နုတ်ပယ်ရန်၊ LME နီကယ်ပေါက်ဈေးအရ ဒေါ်လာ(၂၀၀၀၀)မှ (၂၅၀၀၀)အတွင်းဖြစ်လို့ရှိရင် မြန်မာနိုင်ငံအစိုးရကနေပြီးတော့ (၁၂)ရာခိုင်နှုန်းရရှိမယ်။ တကယ်လို့ နီကယ်ဈေးက အမေရိကန်ဒေါ်လာ(၅၀၀၀၀)အထိ မြင့်တက်သွားမယ်ဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံအစိုးရအနေဖြင့် (၃၂)ရာခိုင်နှုန်းရရှိမယ်ဆိုပြီးတော့ သဘောတူစာချုပ် ချုပ်ဆိုခဲ့ပါတယ်။

ဒါပေမဲ့ နီကယ်ပေါက်ဈေးက ၂၀၁၃ ခုနှစ်၊ မေလမှာ US$ (၁၅၀၀၀)အောက်ကို ကျဆင်းခဲ့သလို ၄ - ၁၁ - ၂၀၁၄ ခုနှစ်မှာ တစ်တန်ရောင်းဈေး (၁၅၀၀၀)ကနေ (၂၀၀၀၀)အတွင်း ဖြစ်ခဲ့လို့ရှိရင် ဓာတ်သတ္တုခွန် (၄)ရာခိုင်နှုန်း နုတ်မယ်။ ကျန်ငွေက ကုန်သွယ်ခွန် နုတ်မယ်။ ကျန်ငွေက ဒီဇိုင်းပါ ထုတ်လုပ်မှုကုန်ကျစရိတ် US$(၁၅၂၀၀)ကို တွက်ချက်ပြီးတော့မှ ကျန်တဲ့တန်ဖိုးကနေပြီးတော့ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့် နီကယ်ကုမ္ပဏီတို့ဟာ (၅၀း၅၀) စီ ခံစားရန် စာချုပ်ဖြင့် ချုပ်ခဲ့ပါတယ်။ ဆက်လက်ပြီး ၂၀၁၅ ခုနှစ်၊ ဧပြီလကစပြီးတော့ ဖယ်ရိုနီကယ်ဈေးက အမေရိကန်ဒေါ်လာ(၁၃၀၀၀) အောက်ကို ဆက်တိုက်ကျဆင်းခဲ့ပါတယ်။

ဒါကြောင့်မို့လို့ အရှုံးကို ကာမိအောင် ၁ - ၂ - ၂၀၁၇ ရက်နေ့မှာ တတိယနောက်ဆက်တွဲ သဘောတူစာချုပ်အရ နီကယ်ပေါက်ဈေးက (၁၅၀၀၀)အောက်ဖြစ်လို့ရှိရင် ဓာတ်သတ္တုခွန်(၄) ရာခိုင်နှုန်းနုတ်ရန် ကျန်တဲ့ပိုက်ဆံက ကုန်သွယ်လုပ်ငန်းခွန် နုတ်ရန်၊ ကျန်တဲ့တန်ဖိုးကနေ အမှတ်(၁) သတ္တုလုပ်ငန်းကနေ (၁)ရာခိုင်နှုန်း ရရှိမည်လို့ ချုပ်ခဲ့ပါတယ်။ ဒီ နီကယ်သတ္တုသိုက်ကနေပြီးတော့ စမ်းသပ်တဲ့ကာလမှာ တန်ချိန်ပေါင်း(၂၉၀၀၀၀) စီးပွားဖြစ်ထုတ်လုပ်တဲ့ကာလကနေပြီးတော့ ၃၀ - ၄ - ၂၀၁၈ ရက်နေ့အထိ တန်ချိန်ပေါင်း(၃၀၀၀၀၀) စုစုပေါင်းတန်ချိန်ပေါင်း(၆၁၀၀၀၀)ကျော် ထုတ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုထုတ်လုပ်မှုအတွက် ကုန်သွယ်လုပ်ငန်းခွန်နဲ့ ဝင်ငွေခွန်တို့ကို ၉ - ၁၀ - ၂၀၁၈ ရက်နေ့အထိ ကင်းလွတ်ခွင့်ရရှိထားကြောင်း သိရှိရပါတယ်။

ဒီဇိုင်းပါထုတ်လုပ်မှုကုန်ကျစရိတ်အား နီကယ်တစ်တန်လျှင်အမေရိကန်ဒေါ်လာ(၁၅၂၀၀)နှုန်း သတ်မှတ်တွက်ချက်ထားပြီး နီကယ်ဈေးနှုန်းမှာလည်း စမ်းသပ်ထုတ်လုပ်တဲ့အချိန်မှ ယနေ့အချိန်အထိ (၁၅၀၀၀)အောက်ကို ကျဆင်းနေတဲ့အတွက် ဒီစီမံကိန်းကြီးက အရှုံးနဲ့ လည်ပတ်နေသဖြင့် ကျွန်တော်တို့ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ နိုင်ငံတော်အစိုးရအနေနဲ့ (၁)ရာခိုင်နှုန်းသာရရှိနေတာ တွေ့ရပါတယ်။ မြန်မာနိုင်ငံ ဘူမိဗေဒပညာရှင်များရဲ့ စမ်းသပ်တိုင်းတာချက်အရ တကောင်းနီကယ် သတ္တုသိုက်ဟာ နီကယ်သတ္တုသားပါဝင်မှု (၁.၉)ရာခိုင်နှုန်း စီးပွားဖြစ်ထုတ်လုပ်နိုင်တဲ့ သတ္တုသိုက်ပမာဏဟာ (၂၃.၃)သန်း ရှိတယ်လို့ သိရှိရပါတယ်။ ၃၀ - ၉ - ၂၀၁၈ ရက်နေ့အထိကတော့ သတ္တုရိုင်း(၆.၂၆၃)သန်း ထုတ်လုပ်ပြီး ဖြစ်ပါတယ်။ ကျန်ရှိတဲ့သတ္တုရိုင်း (၁၇)သန်းကို ဒီလိုပဲ အရှုံးခံပြီး ဆက်ထုတ်မလား။ ဒါမှမဟုတ်

သတ္တုဈေး တစ်နေ့ တက်လာတဲ့ မျှော်မှန်းချက်ထက် နောင်မျိုးဆက်သစ်များအတွက် ချန်ထားမလား ဒါ မေးစရာမေးခွန်း ဖြစ်လာပါတယ်။

အလားတူ ဘယ်ကုန်ပစ္စည်းကိုမဆို ထုတ်လုပ်မှုစရိတ်က တစ်နှစ်ထက် တစ်နှစ် မတူပါဘူး။ တစ်သမတ်တည်းမသွားပါဘူး။ ဒါပေမဲ့ တကောင်းနီကယ်မှာတော့ နီကယ်ထုတ်လုပ်မှုကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ(၁၅၂၀၀)နဲ့ တန့်နေပါတယ်။ ဒါက စာရင်းသဘောအရ ကြည့်လို့ရှိရင် မဖြစ်သင့်တဲ့ ကိစ္စဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ --------

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၉။**

**ဒေါက်တာရဲမြင့်ဆွေ (ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများအား မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ရဲမြင့်ဆွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်သီဟ မေးမြန်းတဲ့ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အံဒင်ကျေးရွာအုပ်စု၊ ရေပေါ်သောင်ကွင်း၊ အမှတ်(၁၁၄၃)ရှိ အစိုးရမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေဧရိယာ(၁၉၀)ဧကအား ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော၊ ဒီရေတော တည်ထောင်ခွင့်ပြုပေးပါရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းပြီး မွန်ပြည်နယ်အစိုးရနဲ့ ပေါင်းစပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ၁၆-၈-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ (၈၄/၂၀၁၆)ဖြင့် ထုတ်ပြန်ခဲ့တဲ့ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ Community Forestry Instruction အရ သစ်တောဦးစီးဌာနအနေနဲ့ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ တည်ထောင်ခွင့်ပြုလျက်ရှိပါတယ်။ ဒေသခံများမှ လျှောက်ထားလာပါက ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ အပိုဒ် ၁၀ အရ ခရိုင်သစ်တောအရာရှိဟာ Power Point မှာ ကျွန်တော်တို့ တင်ပြထားတဲ့အတိုင်း လုပ်ငန်းစဉ်တွေ ဆောင်ရွက်ရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အံဒင်ကျေးရွာအုပ်စု၊ ရေပေါ်သောင်ကွင်း၊ အမှတ်(၁၁၄၃)ရှိ မြေဧရိယာ(၁၉၀)ဧကဟာ သစ်တောဦးစီးဌာနမှ စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ သစ်တောနယ်မြေများအတွင်း ကျရောက်နေခြင်းမရှိဘဲ အစိုးရမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေဖြစ်သည့်အတွက် မြေနေရာ အတည်ပြုချက်ရရှိရေးကို ကျွန်တော်တို့ သက်ဆိုင်ရာ ဆက်စပ်လုပ်ငန်းဌာနများသို့ တောင်းခံခဲ့ရပါတယ်။

၂၆ - ၁၂ - ၂၀၁၈ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ မွန်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေး အမှတ် (၄၇/၂၀၁၈)ဆုံးဖြတ်ချက် အပိုဒ် ၃၀ အရ လျှောက်ထားမြေဧရိယာ စုစုပေါင်း(၁၉၀)ဧကအနက် လယ်မြေ(၃၉.၇၂)ဧကကို ချန်လှပ်၍ ကျန်မြေများကို ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော၊ ဒီရေတော တည်ထောင်ခွင့်ပြုကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့မှ ၈-၁-၂၀၁၉ ရက်စွဲပါစာဖြင့် မွန်ပြည်နယ် သစ်တောဦးစီးဌာနသို့ အကြောင်းကြားထားရှိပြီး ဖြစ်ပါတယ်။ သို့ပါ၍ စုစုပေါင်း ဧရိယာ(၁၉၀)ဧက အနက် လယ်မြေ(၃၉.၇၂)ဧကကို ချန်လှပ်ပြီး ကျန်မြေများကို ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော၊ ဒီရေတော တည်ထောင်ရန် အမြန်ဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ဆက်လက်ပြီးတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမိုးမြင့်(ခ)ဆင်မြူရယ် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြု ခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ Myanmar CNMC Nickel Co.Ltd က မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်၊ တကောင်းတောင်ဒေသမှာ ဖယ်ရိုနီကယ် အကြီးစားထုတ်လုပ်မှုလုပ်ငန်းကို ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသောစနစ်နဲ့ ၂၈ - ၇ - ၂၀၀၈ ရက်နေ့မှာ လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုခဲ့ရာ ယခုအခါမှာ (၁၀)နှစ်သက်တမ်းကျော်ခဲ့ပြီ ဖြစ်ပါတယ်။ လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုစဥ်က ကုမ္ပဏီနှင့်ဌာနတို့အကြား ခွဲဝေမှုအချိုးများကို LME နီကယ်သတ္တု တစ်တန်ဈေးနှုန်း အမေရိကန်ဒေါ်လာ (၂၀၀၀၀)အထက်ဈေးနှုန်းအပေါ် အခြေခံပြီး တွက်ချက်ခဲ့သော်လည်း ကြိုတင် မမျှော်မှန်းနိုင်ခဲ့တဲ့အခြေအနေဖြစ်တဲ့ ၂၀၁၃ ခုနှစ်၊ မေလက စတင်ပြီးတော့မှ နီကယ်သတ္တုစင် ဈေးနှုန်းမှာ ဆက်တိုက် ကျဆင်းလာတာဖြစ်ပါတယ်။ ထို့ကြောင့် နီကယ်သတ္တုစင် တစ်တန်ဈေးနှုန်းကို အမေရိကန်ဒေါ်လာ(၁၅၀၀၀)မှ (၂၀၀၀၀)အတွင်း၊ အမေရိကန်ဒေါ်လာ(၁၃၀၀၀)မှ (၁၅၀၀၀)အတွင်းနဲ့ အမေရိကန်ဒေါ်လာ(၁၃၀၀၀)နဲ့အောက် ဈေးနှုန်းများအတွက် အချိုးခွဲဝေမှုပုံစံများကို နောက်ဆက်တွဲ စာချုပ်များအဖြစ် ပြန်လည်ပြင်ဆင် ချုပ်ဆိုခဲ့ရပါတယ်။

ဒီဇိုင်းပါ ဖယ်ရိုနီကယ်သတ္တုသား တစ်မက်ထရစ်တန်ပါတဲ့ ဖယ်ရိုနီကယ်ထုတ်လုပ်မှု ကုန်ကျ စရိတ်က အမေရိကန်ဒေါ်လာ(၁၅၂၀၀)ဖြစ်တဲ့အတွက် လက်ရှိတွင် အရှုံးနဲ့ လည်ပတ်လျက်ရှိပါတယ်။ အကယ်၍ ရပ်ဆိုင်းလိုက်မည်ဆိုပါကလည်း တကောင်းတောင် ဖယ်ရိုနီကယ်စက်ရုံရှိ လျှပ်စစ်မီးဖို (၁)နဲ့ (၂)မှာ အသုံးပြုထားတဲ့ မီးခံအုတ်များမှာ ပျက်စီးသွားပြီး အသစ် ပြန်လည်လဲလှယ်ရမှာဖြစ်တဲ့ အတွက်ကြောင့် ကြီးမားတဲ့အရင်းအနှီးများ ဆုံးရှုံးမှု ပိုမိုကြီးမားလာမှာ ဖြစ်ပါတယ်။ လုပ်ငန်းရပ်တန့်ပြီး နောင် နီကယ်ဈေးနှုန်းတက်လာမှ ပြန်လည် လည်ပတ်ရလျှင်လည်း ဝန်ထမ်းများ ပြန်လည်ရရှိရေး အစက ပြန်စရမှာဖြစ်တဲ့အတွက် များစွာပြန်လည်ရင်းနှီးမြှုပ်နှံရမှာ ဖြစ်ပါတယ်။ တကောင်းတောင် ဖယ်ရိုနီကယ်စီမံကိန်းမှာ မြန်မာဝန်ထမ်း (၁၆၀၀)ဦးကျော်ခန့်ထားပြီး စီမံကိန်းဝန်းကျင် ဒေသခံများ အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ပြီး စီမံကိန်းသုံးကုန်ကြမ်းများကို ပြည်တွင်းက ဝယ်ယူ သုံးစွဲလျက်ရှိခြင်း၊ ကုမ္ပဏီအနေနဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် တာဝန်ယူမှု CSR ရန်ပုံငွေ အဖြစ် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ(၃)သိန်းထားရှိပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက် ပေးလျက်ရှိပါတယ်။

နိုင်ငံတော်အတွက်လည်း ပုံသေမြေငှားရမ်းခအနေနဲ့ ၂၇-၇-၂၀၁၈ ရက်နေ့အထိ ကျပ်ငွေ (၄၄၃.၈၅၂)သန်း၊ ဓာတ်သတ္တုခွန်အနေနဲ့ ၃၁- ၅-၂၀၁၈ ရက်နေ့အထိ ကျပ်ငွေ(၂၆၂၈၇.၇၈၇)သန်းနဲ့ In Kind ဖယ်ရိုနီကယ် (၇၃၆၃.၆၈၁)မက်ထရစ်တန်နဲ့ ထုတ်လုပ်မှုအပေါ် ခွဲဝေမှုအနေနဲ့ ၃၁-၅ -၂၀၁၈ ရက်နေ့အထိ ကျပ်ငွေသန်းပေါင်း(၂၆၄၈၉.၆၄၀)သန်းနဲ့ In Kind ဖယ်ရိုနီကယ် (၁၇၆၇.၂၈၃) မက်ထရစ်တန် ရရှိခဲ့ပြီးတော့ စုစုပေါင်းအနေနဲ့ ကျပ်ငွေသန်းပေါင်း(၅၃၂၂၁.၂၇၉)သန်းနဲ့ In Kind ဖယ်ရိုနီကယ် တန်ချိန်စုစုပေါင်း(၉၁၃၀.၉၆၅)မက်ထရစ်တန် အခွန်အခများ ရရှိနေတဲ့အတွက်ကြောင့် လက်ရှိ နီကယ်ပေါက်ဈေးအရ ကုမ္ပဏီမှအရှုံးပေါ်နေသော်လည်း လောလောဆယ်မှာတော့ ကျွန်တော်တို့ ဆက်လက်လည်ပတ် ထုတ်လုပ်နေရခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

တကောင်းတောင် ဖယ်ရိုနီကယ်ထုတ်လုပ်မှုလုပ်ငန်းဟာ ၂၄-၃-၂၀၀၄ ရက်နေ့မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီ ရဲ့ မြန်မာနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း နီကယ် အပါအဝင် ဓာတ်သတ္တု သယံဇာတများ စမ်းသပ်ရှာဖွေတူးဖော်ရေးလုပ်ငန်း ပူးပေါင်းလုပ်ကိုင်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီးနောက် ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ မြန်မာနိုင်ငံတို့အကြား ဖော်ဆောင်တဲ့စီမံကိန်း ဖြစ်ပါတယ်။ ဒီဇိုင်းပါ ဖယ်ရိုနီကယ် သတ္တုသား တစ်မက်ထရစ်တန် ထုတ်လုပ်မှုကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ (၁၅၂၀၀)နှုန်းကို ပုံသေယူပြီး တွက်ချက်ထားခဲ့ခြင်းမှာလည်း ထိုအချိန်က သတ္တုသိုက်ပိုင်ရှင်ဖြစ်တဲ့ နိုင်ငံတော်အစိုးရနှင့် ကုမ္ပဏီဖက်က စာချုပ်သက်တမ်းနှစ်(၂၀)အတွက် ပျမ်းမျှယူပြီး တွက်ချက်ထားခြင်း ဖြစ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန (ယခင် သတ္တုတွင်းဝန်ကြီးဌာန)က နည်းပညာအဖွဲ့နှင့် Myanmar CNMC Nickel Co.,Ltd အဖွဲ့တို့ တွက်ချက်ဆွေးနွေးပြီး သဘောတူအတည်ပြုခဲ့တဲ့ ကုန်ကျစရိတ်ဖြစ်ပါတယ်။

သဘောတူစာချုပ် ချုပ်ဆိုခဲ့တဲ့ ၂၈-၇-၂၀၀၈ ခုနှစ်မှ ယနေ့အထိ (၁၀)နှစ်တာကာလအတွင်း လုပ်ငန်းလည်ပတ်ခဲ့တဲ့ ထုတ်လုပ်မှုဆိုင်ရာ အချက်အလက်များ၊ ထုတ်လုပ်မှုကုန်ကျစရိတ် ကိန်းဂဏန်းများကို နှစ်ဖက်ပြန်လည်ဆန်းစစ်သုံးသပ်သွားရန်အတွက် အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှ နည်းပညာ အဖွဲ့တစ်ဖွဲ့ကို ကွင်းဆင်း၍ စာရင်းကောက်ယူစစ်ဆေးနိုင်ရန် ၂၉ - ၉ - ၂၀၁၈ ရက်နေ့မှာ တကောင်းတောင် ဖယ်ရိုနီကယ်စီမံကိန်းသို့ စေလွှတ်ခဲ့ပါတယ်။ တကောင်းတောင် ဖယ်ရိုနီကယ်စီမံကိန်းရဲ့ (၁၀)နှစ်တာထုတ်လုပ်မှု ဆောင်ရွက်ခဲ့တဲ့အပေါ် ပြန်လည်သုံးသပ် စိစစ်နိုင်ရန်အတွက် စိစစ်ရေး ကော်မတီကို ဝန်ကြီးရုံးရဲ့ ၁၃-၁၂-၂၀၁၈ ရက်စွဲပါ ရုံးအမိန့်စာအမှတ် (၂၈၂/၂၀၁၈) နဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ ၃-၁-၂၀၁၉ ရက်နေ့မှာ အမှတ်(၁)သတ္တုတွင်း လုပ်ငန်းအတွက် တကောင်းတောင် ဖယ်ရိုနီကယ်စီမံကိန်း (၁၀)နှစ်တာလည်ပတ်မှုအပေါ် စိစစ်ရေးကော်မတီဝင်များက အကြိုညှိနှိုင်းအစည်းအဝေးလည်း ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။

သို့ပါ၍ ထုတ်လုပ်မှုကုန်ကျစရိတ်၊ နှစ်စဉ် တူးဖော်ထုတ်လုပ်တဲ့ သတ္တုရိုင်းပမာဏ၊ နှစ်စဉ် ထုတ်လုပ်တဲ့ ဖယ်ရိုနီကယ်ပမာဏ၊ နီကယ်သတ္တုပါဝင်နှုန်း၊ သံသတ္တုပါဝင်နှုန်း စတဲ့အချက်အလက်များအပေါ် စိစစ်ရေးကော်မတီဝင်တွေနဲ့ စစ်ဆေးပြီးတော့မှ နိုင်ငံတော်အတွက် ပိုမိုရရှိနိုင်မယ့် အချက်များကို စိစစ်သုံးသပ်ပြီး Myanmar CNMC Nickel Co.,Ltd. နဲ့ ထိပ်တိုက်ဆွေးနွေးပြီး မူလ

စာချုပ်ကို ပြင်ဆင်ဖြည့်စွက်ရန် ပြန်လည်ဆန်းစစ်သုံးသပ် အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော တီထွင်မှု မူပိုင်ခွင့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော တီထွင်မှုမူပိုင်ခွင့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေး တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အတည်ဖြစ်သည်။

**မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် (၃)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ တစ်ဦးလျှင် (၆)မိနစ်အတွင်း ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆန်းမြင့် ဖြစ်ပါတယ်။ ကျွန်တော့် ဆွေးနွေးချက်မှာ မလွှဲမရှောင်သာ အင်္ဂလိပ်စာ အသုံးအနှုန်းသုံးစွဲရမှာမို့လို့ ခွင့်ပြုပေးပါရန် လေးစားစွာ တောင်းခံအပ်ပါတယ်။

ယနေ့ ဆွေးနွေးတင်ပြရမှာက မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်း Insolvency Law ဖြစ်ပါတယ်။ ဒီ Law ဟာ Investment Law, Company Act, Insolvency Law, Business Law တို့နှင့် တစ်ခုပြီးတစ်ခု ဆက်နွှယ်မှုရှိပါတယ်။ ဒီတော့ လူမွဲခံယူခြင်းဥပဒေ Insolvency Law ပြဋ္ဌာန်းရခြင်းရဲ့ ရည်ရွယ်ချက်၊ လူမွဲခံတဲ့လူပုဂ္ဂိုလ်များ သို့မဟုတ် ကုမ္ပဏီများအနေဖြင့် ပြန်လည်ဖွဲ့စည်းခြင်း သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ စနစ်ကျစွာ ဆောင်ရွက်နိုင်ရန် ဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာမှာ အရေးပါသော အန္တရာယ်ကာကွယ်ရေးဆိုင်ရာ ကွန်သဖွယ်ဖြစ်စေပြီး လုပ်ငန်းများ၊ ငွေရေးကြေးရေးအခက်အခဲများကို ကူညီကယ်တင်ရန် ဥပဒေယန္တရားရှိနေခြင်း သို့မဟုတ် ယင်းတို့ရဲ့ ပိုင်ဆိုင်မှုများကို ထုခွဲရောင်းချရာမှာလည်း တတ်နိုင်သမျှ အများဆုံးတန်ဖိုးရရှိစေရန်ဖြစ်ပါတယ်။ လူမွဲခံယူခြင်းဥပဒေအရ ပါဝင်ပတ်သက်သူ မြီရှင်များ(Creditors)နှင့် မြီစားများ(Debtors)အား ရှင်းလင်းပြီး မှန်းဆနိုင်သော လူမွဲခံယူခြင်းလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ကြရပြီး အချိန်နှင့်တစ်ပြေးညီဖြစ်ကာ စနစ်ကျသော ငွေပေးမှုဦးစားပေးအစီအစဉ်လည်း ရှိပါတယ်။ မြီစားများကို ကာကွယ်ခြင်းနှင့် မြီရှင်များ ရရန်ရှိသည်တို့ကို ပြန်လည်ရရှိစေခြင်းတို့ကို ချိန်ခွင်လျှာ မျှတစွာဖြစ်စေရန် ရည်ရွယ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်းလို့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အခန်း(၁)၊ ပုဒ်မ ၁(က)မှာ ဤဥပဒေကို မြီစားပြန်လည်ထူထောင်ခြင်းဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်လို့ ပြင်ဆင်ထားပါတယ်။ ကျွန်တော့်အနေနဲ့ အကျိုးအကြောင်းဖော်ပြပြီး အကြံပြု တင်ပြချင်တာကတော့ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်ရဲ့ စောစောက ကျွန်တော် တင်ပြတဲ့ရည်ရွယ်ချက်နဲ့လည်း ကိုက်ညီမှုရှိစေလိုပါတယ်။ ဒါ့အပြင် ရွေးကောက်ခြင်းဆိုင်ရာ ဥပဒေများ၊ ပဋိညာဉ်ဥပဒေ အစရှိသည်တို့မှာလည်း လူမွဲခံယူထားသူများ ပါဝင်ဆောင်ရွက်ခွင့် မရှိသည်တို့ကိုလည်း အတိအလင်း ပြဋ္ဌာန်းသတ်မှတ်ထားပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် ပုဒ်မ ၂၅၉(ဂ)၊ ပုဒ်မ ၂၆၀(ဂ)၊ ပုဒ်မ ၂၇၂(ခ)၊ ပုဒ်မ ၂၈၉(ခ)၊ ပုဒ်မ ၂၉၈(က)နှင့် ပုဒ်မ ၃၇၂ အစရှိတဲ့ ပုဒ်မအသီးသီးတို့မှာ လူမွဲဟူသော စကားရပ်ပါဝင်နေပါတယ်။ ဒါ့ကြောင့် အခန်း(၁)၊ ပုဒ်မ ၁(က)ကို ဤဥပဒေကို လူမွဲ ပြန်လည်ထူထောင်ခြင်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်လို့ ပြင်ဆင်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအချက်အနေနဲ့ ပြင်ဆင်လိုတာကတော့ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက် အခန်း(၂)၊ ပုဒ်မ ၄ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက ပယ်ဖျက်သည်လို့

ပြင်ဆင်ထားပါတယ်။ အဆိုပြုပြဋ္ဌာန်းချက်မှာကတော့ ဤဥပဒေပါ ဒဏ်ကြေးငွေပမာဏများကို တိုးမြှင့်သတ်မှတ်သင့်သည်ဟု ယူဆလျှင် နည်းဥပဒေဖြင့် တိုးမြှင့်သတ်မှတ်နိုင်သည်ဟူသော အဆိုပြုပြဋ္ဌာန်းချက်အား ထည့်သွင်းပြဋ္ဌာန်းသင့်ပါကြောင်း အကြံပြုလိုပါတယ်။ အကြောင်းကတော့ နည်းဥပဒေဆိုတာ ပြဋ္ဌာန်းဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရမယ့် လုပ်ထုံးလုပ်နည်းပဲ ဖြစ်ပါတယ်။ ဒဏ်ကြေးငွေပမာဏများကို ခေတ်ကာလနှင့် လိုက်လျောညီထွေဖြစ်စေရန် တိုးမြှင့်သတ်မှတ်လိုပါက ဥပဒေကို ပြင်ဆင်ရန်မလိုတော့ဘဲ နည်းဥပဒေဖြင့်သာ လွယ်ကူစွာ ပြင်ဆင်သတ်မှတ်နိုင်မည် ဖြစ်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းမှာ ပြန်လည်ထူထောင်ခြင်းဆိုင်ရာတို့ကို အခန်းအလိုက် ပုဒ်မအသီးသီးတို့ဖြင့် အဆိုပြု ပြင်ဆင်ချက် ပြုထားတာတွေ့ရတဲ့အတွက် အထက်ဖော်ပြပါ ကျွန်တော်ရဲ့ အကြံပြုတင်ပြချက်များအပေါ် အလေးထား သုံးသပ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်ကျန်းမာလို့ စိတ်ချမ်းသာကြပါစေကြောင်း လေးစားစွာ ဂါရဝပြုပြီး နှုတ်ဆက်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာဥပဒေနှင့် စပ်လျဉ်းပြီးတော့ ကျွန်တော်တို့ ၁၉၁၀ ပြည့်နှစ်က အင်္ဂလိပ်ကနေ ယူလာတဲ့ လူမွဲခံယူခြင်းဆိုင်ရာဥပဒေကို အခု မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေအသစ် ပြဋ္ဌာန်းတဲ့နေရာမှာ ပိုပြီးတော့ အဆင့်မြှင့်တင်ပြီးတော့ ကျွန်တော်တို့နိုင်ငံရဲ့ လူမှုရေး၊ စီးပွားရေး အခြေအနေတွေနဲ့ လိုက်လျောညီထွေဖြစ်အောင် ပိုမိုပြီးတော့ မြင့်မားတင့်တယ်လာအောင် ဒီလိုလုပ်တာဟာဖြင့် အင်မတန်မှ လေးစားဂုဏ်ယူစရာကောင်းကြောင်း ပဏာမတင်ပြလိုပါတယ်။

ကျွန်တော့်အနေနဲ့ အဓိကဆွေးနွေးမယ့် အကြောင်းအရာကတော့ အဲဒီဥပဒေရဲ့ ခေါင်းစဉ်ကိုပဲ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပဒေတစ်ခုကို ပြဋ္ဌာန်းတဲ့နေရာမှာ အဲဒီဥပဒေမှာပါတဲ့ စကားရပ်များဟာ ရှင်းလင်းပြတ်သားမှုရှိတဲ့ စကားရပ်များဖြစ်ဖို့ လိုအပ်ပါတယ်။ ဒုတိယအချက်အနေနဲ့ အဲဒီရှင်းလင်းပြတ်သားရုံတင်မကဘဲနဲ့ အများပြည်သူ လွယ်ကူစွာသိရှိနားလည်တဲ့ စကားရပ်များဖြစ်ဖို့လိုပါတယ်။ တတိယအချက်အနေနဲ့ မူလပြဋ္ဌာန်းထားတဲ့ တခြားဥပဒေများကို အနှောင့်အယှက်မဖြစ်စေဖို့နဲ့ တခြားဥပဒေများနှင့်လည်း လိုက်လျောညီထွေ အဆင်ပြေဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ လူမွဲခံယူခြင်းဆိုင်ရာဥပဒေဆိုတဲ့ စကားရပ်နှင့် မြီစားပြန်လည်ထူထောင်ခြင်းဆိုတဲ့ စကားရပ်ကို ကျွန်တော် နှိုင်းယှဉ်ပြီးတော့ ကျွန်တော်တို့ စောစောက အချက်(၃)ချက်နဲ့ စံထားပြီးတော့ တင်ပြဆွေးနွေးလိုပါတယ်။

ကျွန်တော်တို့ လူမွဲခံယူခြင်းဆိုတဲ့ စကားရပ်ဟာ ရှင်းလင်းပြတ်သားတဲ့ စကားရပ်ဖြစ်တယ်ဆိုတာ ထင်ရှားပေါ်လွင်နေပြီးတော့ မြီစားပြန်လည်ထူထောင်ခြင်းဆိုတဲ့ စကားရပ်ဟာဖြင့် မရှင်းလင်း

မပြတ်မသားနဲ့ စိတ်ရှုပ်ထွေးစရာကောင်းတဲ့ စကားရပ်မျိုးဖြစ်တယ်ဆိုတာ ကျွန်တော်တို့ လူတိုင်း ထင်ရှားအောင်၊ လွယ်ကူအောင် သိရှိနိုင်ပါတယ်။ နောက်တစ်ချက် တင်ပြလိုတာကတော့ လူမွဲခံယူခြင်း ဆိုတဲ့ စကားရပ်ဟာ အများပြည်သူဖက်ကကြည့်ရင် ရှင်းခနဲ၊ လင်းခနဲနဲ့ ကြားတာနဲ့ကို သိသာနိုင်တဲ့ စကားရပ်မျိုးဖြစ်ပြီးတော့ မြီစားပြန်လည်ထူထောင်ခြင်း ဆိုတဲ့ စကားရပ်ဟာဖြင့် ကျွန်တော်တို့ အများစု ဘာမှန်းမသိနိုင်တဲ့ စကားရပ်မျိုးဖြစ်နေတဲ့အပြင် ဥပဒေပြဋ္ဌာန်းချက်တွေရဲ့ အနှစ်သာရကိုလည်း ကျွန်တော်တို့ နားမလည်နိုင်လောက်အောင် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အခက်အခဲတွေ အများကြီး ပေါ်ပေါက်သွားနိုင်ပါတယ်။ ဒါကြောင့်မို့လို့လည်း အများပြည်သူ ကျွန်တော်တို့ လျစ်လျူရှုတာတွေ ဖြစ်လာပြီးတော့ တရားဥပဒေစိုးမိုးမှုကိုပါ ထိခိုက်လာနိုင်တဲ့ စကားရပ်မျိုးဖြစ်တယ်လို့ ထင်မြင်မိတဲ့ အတွက် မြီစားထူထောင်ခြင်း ဆိုတဲ့စကားလုံးကို မသုံးသင့်တဲ့အကြောင်း လေးစားစွာ အကြံပြုလိုပါတယ်။

နောက်ဆုံးတစ်ချက် တင်ပြလိုတာကတော့ လူမွဲခံယူခြင်း ဆိုတဲ့ မူလဥပဒေကြီးကို မြန်မာ နိုင်ငံမှာ ၁၉၁၀ ပြည့်နှစ်ကစပြီးတော့ ကျင့်သုံးခဲ့တာဖြစ်တဲ့အတွက် အခုအချိန်မှာ (၁၀၈)နှစ်တောင် ရှိခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့လည်း အဲဒီဥပဒေအပေါ်မှာ အခြေပြုပြီးတော့ တခြားဥပဒေ တော်တော်များများမှာ လူမွဲခံယူထားသူရဲ့ ဥပဒေအခွင့်အရေးတွေ မရရှိနိုင်တဲ့အကြောင်းနဲ့ ဥပဒေရဲ့ တာဝန်တွေ၊ ကင်းလွတ်ခွင့်ရတဲ့အကြောင်းတွေ ပြဋ္ဌာန်းကျင့်သုံးနေတာဟာဖြင့် ကျင့်သားရနေပြီဖြစ်ပါ တယ်။ ကျွန်တော်တို့ နမူနာအားဖြင့် အထွေထွေရွေးကောက်ပွဲဥပဒေနှင့် စည်ပင်ရွေးကောက်ပွဲဥပဒေ များမှာ လူမွဲခံယူထားသူတွေဟာ ရွေးချယ်ခံပိုင်ခွင့်မရှိဘူးဆိုတဲ့ သဘောတရားကိုလည်း လူအများ နားလည်ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေတွေမှာပါတဲ့ လူမွဲခံယူထားသူ ဆိုတဲ့ စကားရပ်ကို မြီစားပြန်လည်ထူထောင်ခြင်းလို့ ဖြည့်လိုက်မယ်၊ ပြောင်းလိုက်မယ်ဆိုရင် အင်မတန်မှကို ခက်ခက်ခဲခဲ ပြောင်းဖို့အကြောင်းဖြစ်နိုင်သလို ပြောင်းလို့ရလို့ ပြောင်းခဲ့သည်ဆိုရင်တောင်မှ အင်မတန် ရှုပ်ထွေး ပြီးတော့ အများပြည်သူအတွက် ခက်ခဲသွားမှာဖြစ်တာမို့လို့ ဒီလိုပြဋ္ဌာန်းချက်မျိုးကိုဖြင့် မပြဋ္ဌာန်းသင့် ပါဘူး။ အဲဒီအပြင် ပြဋ္ဌာန်းပြီးသား တခြားဥပဒေတွေ၊ ရှိပြီးသားဥပဒေတွေမှာ မြီစားပြန်လည်ထူထောင် ခြင်းဆိုတဲ့ စကားရပ်က များစွာအနှောင့်အယှက် အခက်အခဲဖြစ်လာမှာဖြစ်တဲ့အတွက် တခြားဥပဒေ များနှင့်လည်း အဆင်ပြေလိုက်လျောညီထွေမှု မရှိနိုင်ဘူးဆိုတာ ထင်ရှားပေါ်ပေါက်နေပါတယ်။

ဒါကြောင့်မို့လို့ ဒီဥပဒေရဲ့အမည်ကို မူလအတိုင်း မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေ လို့သာ ခေါ်ဆိုသင့်ပြီးတော့ မြီစားပြန်လည်ထူထောင်ခြင်းဆိုတဲ့ စကားရပ်ဟာဖြင့် ကျွန်တော်တို့ လုံးဝ မသင့်တော်တဲ့ စကားရပ်ဖြစ်တဲ့အတွက် ကျွန်တော်တို့ မသုံးသင့်ပါကြောင်း အကြံပြုဆွေးနွေးတင်ပြ အပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၅၂။**

**ဥက္ကဋ္ဌ**။　။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခ) သန်းစိုး(ဘောဂဗေဒ) ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၂။**

**ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ကျွန်တော့်အနေနဲ့

မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာဥပဒေကို တင်သွင်းတဲ့ သက်ဆိုင်ရာအဖွဲ့အစည်းကို အထူးကို ကျေးဇူးတင်ပါတယ်။ လေးလေးနက်နက်ကို ကျေးဇူးတင်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့အနေနဲ့ကတော့ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေဟာ နိုင်ငံတစ်ခုကို ကြည့်လို့ရှိရင် ဒီနိုင်ငံမှာ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု Investment နဲ့ပတ်သက်တဲ့ International Practice ဘယ်လောက်ရှိသလဲဆိုတာကို သူတို့က ကြည့်ရတယ်။ ဒါဟာ နိုင်ငံတစ်ခုရဲ့ Regulatory Body ရဲ့ အရေးပါမှုကိုလည်း ပြန်ပြီးတော့ Trust and Image ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာအောင် အမြဲတမ်းပြောပေမယ့်လည်း တစ်ဖက်က ဥပဒေပိုင်းဆိုင်ရာတွေ အားနည်းခဲ့လို့ရှိရင် ရင်းနှီးမြှုပ်နှံမှုတွေ လာမှာမဟုတ်ပါဘူး။ ဒါကြောင့်မို့ နိုင်ငံတကာ Practice တစ်ခုဖြစ်တဲ့ ဒီ Insolvency Law ကို ပြဋ္ဌာန်းဖို့ ကျွန်တော်တို့ လွှတ်တော်ကို တင်တဲ့အတွက် အများကြီးကို ကျေးဇူးတင်ပါတယ်။

အဲဒီတော့ အဲဒီလိုပဲ ရင်းနှီးမြှုပ်နှံမယ့်လူတွေဟာ နိုင်ငံတကာကနေပြီးတော့ နိုင်ငံတစ်ခုကို ကြည့်လို့ရှိရင် ဒီ Regulation Package လို့ ကျွန်တော်တို့ သုံးတဲ့စကားလုံးရှိပါတယ်။ ဥပမာ ကျွန်တော်တို့က Company Law, Tax Administrative Procedure Law, Administrative Procedure Law နောက် Copy Right Law, အခု Insolvency Law, နောက် Industrial Zone Law, နောက် Public Right to Know Information Law, နောက် Coporation Law, အဲဒီဟာတွေဟာ နိုင်ငံတစ်ခုမှာရှိရတဲ့ Institutional နဲ့ ပတ်သက်လို့ ဒီ Regulation Package ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံမှာ ဒီ Law Package အပြည့်အစုံရှိမှသာ Act ပေါ့။ ဒီလိုရှိမှသာ ရင်းနှီးမြှုပ်နှံမှုတွေဟာ ပိုပြီးတော့ လာမှာဖြစ်တဲ့အတွက် ဒီဥပဒေကို တော်တော်ကို ကျေးဇူးတင်ရမှာ ဖြစ်ပါတယ်။

အဲဒီလိုပဲ နိုင်ငံတကာက လက်ခံထားတဲ့ ဒီ Insolvency Act ဒီဥပဒေမူကြမ်းဟာ ကျွန်တော်တို့ လွှတ်တော်ကနေ ပြန်လည်ပြီးတော့မှ သုံးနှုန်းတဲ့စကားလုံးအပေါ်မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ အဲဒီတော့ မြီစားပြန်လည်ထူထောင်ခြင်းဆိုင်ရာဥပဒေ ဆိုတဲ့စကားလုံးကို ကျွန်တော်တို့ အင်္ဂလိပ်လို ပြန်ပြီးတော့ အဓိပ္ပာယ်ဖွင့်တဲ့အချိန်မှာ Debtor Recovery Law ဆိုပြီးတော့ ပြန်လည်သက်ရောက်သွားမှာဖြစ်ပါတယ်။ တကယ်လို့ Debtor Recovery Law သို့မဟုတ် Debtor Restructure Law ဆိုရင် နိုင်ငံတကာကကျင့်သုံးတဲ့ ဒီ Insolvency Law ဆိုတဲ့ဟာကြီးက Totally Different ဖြစ်သွားမှာဖြစ်ပါတယ်။ အဲဒီတော့ ဒါကိုလည်း ကျွန်တော်တို့က ပြန်ပြီးတော့ စဉ်းစားရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီရှေ့နေချုပ်ရုံးကတင်တဲ့ လူမွဲခံယူခြင်းဆိုင်ရာဥပဒေဟာ အထူးကိုသင့်လျော်တယ်။ ပြတ်ပြတ်သားသားဖြစ်ပါတယ်။ ရှင်းလင်းပါတယ်။ နားလည်လို့လည်း လွယ်ပါတယ်။

အရင်ခေတ်ကာလတုန်းက မော်တော်ကားကို မြန်မာမှုပြုမယ်ဆိုပြီးတော့ ကျွန်တော်တို့ ပြောခဲ့ဖူးပါတယ်။ ဘီး(၄)လုံးပါရမယ်။ စတီယာတိုင်ပါရမယ်။ ဆီထည့်ပြီးမောင်းရမယ်။ အဲဒါနဲ့ပဲ မော်တော်ကားက မော်တော်ကား မဟုတ်တော့ဘဲနဲ့ အဲဒီလို ရှုပ်ထွေးနေအောင် မလုပ်တာဟာ ပိုပြီးတော့ ကောင်းပါတယ်။ မြန်မာနိုင်ငံ လူမွဲစာရင်း၊ လူမွဲခံယူခြင်းဥပဒေဟာ ဘာဖြစ်လို့ပြောရလဲဆိုရင် ကျွန်တော်တို့ အများပြည်သူ အလွယ်တကူ နားလည်နိုင်တဲ့စကားလုံးဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ

ကတည်းက လက်ခံထားတဲ့စကားလုံးဖြစ်ပါတယ်။ နောက် လူတိုင်းနဲ့အကျုံးဝင်တဲ့ စကားလုံးလည်းဖြစ်ပါတယ်။ နောက် အခြားဥပဒေတွေမှာလည်း သုံးထားတဲ့စကားလုံးတွေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြီစားပြန်လည်ထူထောင်ခြင်းဆိုင်ရာလို့ သုံးနှုန်းလိုက်တာနဲ့ ကျွန်တော်တို့ တခြား တရားရုံးတွေမှာ အမိပ္ပာယ်ဖွင့်ဆိုတဲ့နေရာမှာတွေ၊ ကျောင်းသုံးစာအုပ်တွေမှာရေးထားတဲ့ လူမွဲခံယူခြင်းဆိုင်ရာတွေ၊ နောက် မြန်မာအဘိဓာန်တွေမှာ၊ အင်္ဂလိပ်အဘိဓာန်တွေမှာ၊ နောက် လူမွဲဆိုတဲ့ စကားလုံးနဲ့ပတ်သက်တဲ့ စာစောင်တွေ၊ ဆောင်းပါးတွေမှာရှိတဲ့ စကားလုံးတွေအကုန်လုံးက ဒိုမီနိုလိုပဲ အကုန်လုံး လိုက်ပြောင်းရတော့မှာဖြစ်ပါတယ်။ အဲဒီတော့ ဒီဥပဒေကြမ်းတင်သွင်းတဲ့ မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေဟာ အထူးသင့်လျော်တဲ့စကားလုံးဖြစ်တဲ့အတွက် ကျွန်တော် ဒီအချက်ကိုပဲ ပြန်လည်ပြီးတော့မှ သုံးစွဲဖို့ ကျွန်တော် ဆွေးနွေးတင်ပြရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် (၃၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၇ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၃၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၂။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ ပြည်သူများ ယုံကြည်ကိုးစားအားထားပြီး ဖြောင့်မတ်မှန်ကန်မျှတသည့် တရားစီရင်ရေး ဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေး အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၃၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်(၈) ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး တင်သွင်းထားတဲ့ ပြည်သူများ ယုံကြည်ကိုးစား အားထားပြီး ဖြောင့်မတ်မှန်ကန်မျှတသည့် တရားစီရင်ရေး ဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေး အဆိုကို ဆွေးနွေးဖို့ လွှတ်တော် ကိုယ်စားလှယ်(၁၄)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ ဆွေးနွေးမယ့် ကိုယ်စားလှယ်များ တစ်ဦးလျှင် (၈)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၃။**

**ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော် ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးမိုး တင်သွင်းထားတဲ့ ပြည်သူများ ယုံကြည်ကိုးစား အားထားပြီး ဖြောင့်မတ်မှန်ကန် မျှတသည့် တရားစီရင်ရေး ဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေး ဆိုတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျမ်းကျိန်ဆိုရေးနှင့် ပတ်သက်ပြီးတော့ ကျမ်းသစ္စာကျိန်ဆိုရေး အက်ဥပဒေ The Oath Act ဆိုတာ ပြဋ္ဌာန်းထားပြီးသားဖြစ်ပါတယ်။ The Oath Act ပုဒ်မ ၅ မှာ သက်သေများ၊ ဂျူရီလူကြီးများ ကျမ်းသစ္စာကျိန်ဆိုဖို့ ပါရှိပြီးသားဖြစ်ပါတယ်။ The Oath Act၊ ပြီးတော့ တရားရုံးများလက်စွဲ အပိုဒ် ၇၃ ကနေ ၇၅ ထိမှာလည်း သက်သေများ၊ ဂျူရီလူကြီးများ ကျမ်းသစ္စာကျိန်ဆိုရေး၊ ကတိသစ္စာပြုရေးတို့နှင့် စပ်လျဉ်းပြီးတော့ ပြဋ္ဌာန်းချက်များရှိပြီး ဖြစ်နေပါတယ်။ ကျမ်းသစ္စာဥပဒေမှာ ဟိန္ဒူဘာသာဝင်၊ မဟာမေဒင် ဘာသာဝင်ဖြစ်တဲ့ သက်သေတွေ၊ ဂျူရီလူကြီးတွေကိုတော့ ကျမ်းသစ္စာကျိန်ဆိုခြင်းမပြုဘဲ ကျမ်းသစ္စာကျိန်ဆိုမည့်အစား ကတိသစ္စာပြုစေ ရမယ်လို့ ပါရှိသလို နောက်တစ်ခါ ဘယ်ဘာသာဝင်ပဲဖြစ်စေကာမူ ဂျူရီလူကြီးတို့၊ သက်သေတို့ကို ကျမ်းသစ္စာကျိန်ဆိုခြင်း မပြုလိုဘူးလို့ ငြင်းဆိုလာမယ်ဆိုရင်တော့ ကတိသစ္စာပြုနိုင်တယ်လို့ ပြဋ္ဌာန်း ထားပြီးဖြစ်လို့ ဒါကို လိုက်နာရမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိတရားရုံးတွေမှာတော့ အမှုစစ်ပြီဆိုရင် အမှုသည်တွေ၊ သက်သေတွေကို ရုံးရှေ့ရောက်တာနဲ့ အမှုစစ်မယ်ဆိုတာနဲ့ မတ်တပ်ရပ်ပြီးတော့ ကျမ်းထုပ်ကို ကိုင်စေတယ်။ ပြီးလို့ရှိရင် ယနေ့ ရုံးရှေ့ကျရောက်သည့်အမှုတွင် အလုံးစုံအမှန်အကန်ကို ထွက်ဆိုအစစ်ခံပါမည်ဟု ကျွန်ုပ် ကြေညာပါသည်။ ကျွန်ုပ်သည် မမှန်မကန် ထွက်ဆိုအစစ်ခံသည်ရှိသော် ဤကျမ်းစာတွင် ဖော်ပြထားသော ကျိန်စာများ ကျွန်ုပ်အား သင့်ပါစေ။ ကျွန်ုပ်သည် အမှန်အတိုင်းထွက်ဆို အစစ်ခံပါက ဤကျမ်းစာတွင် ဖော်ပြထားသော ကောင်းကျိုးချမ်းသာများ ခံစားရပါစေသား ဆိုပြီးတော့ ကျမ်းကျိန်ရတာ ဖြစ်ပါတယ်။ ဒါ ကျမ်းသစ္စာဥပဒေမှာပါတဲ့ ပြဋ္ဌာန်းချက်များနဲ့ တရားရုံးများလက်စွဲမှာပါတဲ့ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာပြီးတော့ ဆောင်ရွက်ကြတာဖြစ်ပါတယ်။

အဆိုရှင် ဦးစိုးမိုး ရဲ့အဆိုမှာ တရားစီရင်ရေးကို ဆောင်ရွက်နေတဲ့ တရားသူကြီးများအနေနဲ့ ပြည်သူများက ယုံကြည်အားကိုးလာစေဖို့လိုအပ်ကြောင်း တရားစီရင်ရာမှာ အမှန်ကို ဆုံးဖြတ်ရုံမျှတင် မဟုတ်ဘဲနဲ့ ထိုသို့အမှန်တရားကိုဆုံးဖြတ်ကြောင်း အများမြင်စေရမည်ဟု လမ်းညွှန်မှုများရှိနေကြောင်း ယခုအခါ တရားရေးမဏ္ဍိုင်ဟာ ပြည်သူများက ဝေဖန်မှုများ မြင့်တက်နေပြီး ယုံကြည်အားကိုးမှု လျော့နည်းလာနေကြောင်း၊ လူမှုကွန်ရက်များတွင် ဝေဖန်ပြစ်တင်မှုများရှိနေသလို မကျေနပ်၍ တရားသူကြီးအား တရားခွင်မှာ ဖိနပ်နဲ့ပစ်ပေါက်တဲ့အထိ ဖြစ်ပေါ်လာရတဲ့ကိစ္စရပ်များ ရှိနေကြောင်း၊ လက်ရှိအခြေအနေအရ တရားခွင်မှာ အမှုသည်များနှင့် သက်သေများကိုသာ ကျမ်းကျိန်ထွက်ဆိုစေပြီးတော့ အမှုကိစ္စတစ်ခုကို စစ်ဆေးစီရင်ဆုံးဖြတ်မယ့် တရားသူကြီးများအနေနဲ့ ကျမ်းသစ္စာကျိန်ဆိုခြင်း၊ ကတိသစ္စာပြုခြင်းတို့ မရှိတဲ့အတွက် ၎င်းတို့ရဲ့ စီရင်ဆုံးဖြတ်မှုအပေါ်မှာ ပြည်သူများနဲ့ အမှုသည်များက ယုံကြည်အားကိုးမှု လျော့နည်းလာနေတဲ့အတွက် တရားသူကြီးများ ကျမ်းသစ္စာ ကျိန်ဆိုခြင်းပြုရန် တရားရုံးများလက်စွဲတွင် ထည့်သွင်းညွှန်ကြားပေးရန် လိုအပ်နေပြီဖြစ်ကြောင်း တင်ပြထားတာ တွေ့ရှိရပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေပညာရှင်ကြီးများကတော့ တရားသူကြီးများ တရားခွင်တက်တိုင်း ကျမ်းကျိန်ဆိုရမယ်ဆိုပြီးတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ပြဋ္ဌာန်းထားတာ မရှိသေးဘူးလို့ ဆိုပါတယ်။ သို့သော်လည်းပဲ ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတွေကို ခန့်အပ်တာဝန်ပေးစဉ်က ဒီတရားသူကြီးတွေဟာ နိုင်ငံတော်သမ္မတကြီးရဲ့ ရှေ့မှောက်မှာ ပေးအပ်ထားတဲ့ တာဝန်၊ ဝတ္တရားတွေကို မှန်ကန်စွာ ဆောင်ရွက်ပါမယ်။ အဂတိလိုက်စားခြင်း မလုပ်ပါဘူးဆိုပြီးတော့ ကျမ်းသစ္စာကျိန်ဆိုတာတော့ ရှိပါတယ်။ ဒီလိုပဲ တိုင်းဒေသကြီးတို့၊ ပြည်နယ်တို့မှာလည်းပဲ တရားလွှတ်တော်၊ တရားသူကြီးချုပ်နဲ့ တရားသူကြီးတွေ ခန့်ထားရာမှာလည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတွေရဲ့ ရှေ့မှောက်မှာ ကျမ်းကျိန်ဆိုကြရပါတယ်။ အခုလို ကျမ်းသစ္စာကျိန်ဆိုတာဟာ တရားသူကြီးတာဝန် ထမ်းဆောင်နေတဲ့ ကာလတစ်လျှောက်လုံးမှာ မိမိတို့ရဲ့တာဝန်၊ ဝတ္တရားများကို ဘက်လိုက်မှုမရှိဘဲ မှန်ကန်စွာဆောင်ရွက်ပါမယ်လို့ ပဋိညာဉ်ပြုရာရောက်တယ်လို့ ယူဆရမှာဖြစ်ပြီးတော့ တရားခွင်တက် အမှုစစ်ဆေးတိုင်း တရားသူကြီးတွေက ကျမ်းကျိန်ဆိုဖို့ မလိုအပ်ဘူးလို့ ယူဆသူတွေ ရှိနေကြသလို တရားသူကြီးများရဲ့ ကျမ်းကျိန်ဆိုခြင်းက အဓိကမကျဘူး၊ အမှန်တရားကို ရဲရဲဝံ့ဝံ့၊ မှန်မှန်ကန်ကန်၊ မျှမျှတတ ဆုံးဖြတ်ချက်ချနိုင်ဖို့သာ အရေးကြီးတာလို့ ယူဆတဲ့သူတွေလည်း ရှိနေကြပါတယ်။ တချို့ကလည်း တရားသူကြီး

တွေ ကျမ်းကျိန်ဆိုရုံလောက်နဲ့ လာဘ်ပေးလာဘ်ယူမှုတွေ၊ ဖြောင့်မတ်မှန်ကန်တဲ့ တရားစီရင်ရေးတွေ ဖြစ်လာမှာလားဆိုပြီးတော့၊ ကျမ်းကလည်း ဘယ်သူ့ကိုစူးမှာလဲ ဆိုပြီးတော့ စောဒကတက်တာမျိုးတွေ ကြားနေရပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဆင်းရဲမွဲတေမှုနဲ့အတူ ဌာနဆိုင်ရာအသီးသီးမှာ လာဘ်ပေးလာဘ်ယူမှုတွေ၊ အကျင့်ပျက်ခြစားမှုတွေ၊ အဂတိလိုက်စားမှုတွေဟာ ကပ်ရောဂါအသွင် ရောက်ရှိဖြစ်ပေါ်နေတာ ကာလအတန်ကြာခဲ့ပါပြီ။ အဲဒီထဲမှာ တရားရုံးတွေလည်း အပါအဝင် ဖြစ်ပါတယ်။ တရားရေးမဏ္ဍိုင်ကြီး တိမ်းစောင်းနေရုံမက ပြိုလဲကျတော့မယ့် အခြေအနေကိုတောင် ရောက်နေကြပြီလို့ ပြည်သူတွေထင်မှတ်နေကြသလို ရုပ်ပုံ၊ ကာတွန်း၊ မီဒီယာတွေကလည်းပဲ Failed Law ဖြစ်နေပြီလို့ သုံးနှုန်းလာတဲ့အထိ ရှုတ်ချသုံးနှုန်းလာတာတွေ တွေ့မြင်နေရပါတယ်။ တရားရုံးမှာ လာဘ်ပေးလာဘ်ယူမှုတွေ၊ အကျင့်ပျက်ခြစားမှုတွေ ရှိနေသလို၊ တရားသူကြီးတချို့ ကိုယ်တိုင်ကိုက အမှုပွဲစားပုံစံလုပ်နေပြီးတော့ အမှုအတွက် ရှေ့နေဘယ်သူ့ကိုငှားပါ ဆိုတာမျိုးတောင် လမ်းညွှန်မှုတွေရှိနေတယ်လို့ ကြားသိနေရပါတယ်။ အဲဒီအတွက် အကျင့်ပျက်ခြစားမှုတွေ၊ လာဘ်ပေး လာဘ်ယူမှုတွေကြောင့် တရားစွဲဆို အပြစ်ပေး၊ အရေးယူခံရတဲ့ တရားသူကြီးတွေ ရှိနေကြပါတယ်။

ပြည်သူတွေအနေနဲ့ တရားရေးမဏ္ဍိုင်ကြီး တည့်မတ်စေချင်နေကြပါပြီ။ တရားရုံးမှာ အမှုအခင်းဖြစ်ရင် ငွေများများသာယူသွား၊ ငွေရှိရင် အောင်မြင်တယ်၊ ငွေများရင် တရားနိုင်တယ်ဆိုတဲ့ အပြောမျိုးတွေလည်း မကြားချင်အဆုံး ဖြစ်နေပါပြီ။ စာရေးဆရာကြီး ဦးအောင်သင်း က စာပေဟောပြောပွဲတစ်ခုမှာ ပြောခဲ့သလို အရင်တုန်းက ငွေများရင် တရားနိုင်တဲ့ခေတ်။ အခု အဲဒီလို မဟုတ်တော့ဘူး။ ပြောင်းသွားပြီ။ ခုခေတ်က ငွေနည်းရင် တရားရှုံးမယ့်ခေတ်ဖြစ်နေပြီလို့ ပြောခဲ့တာကိုလည်း အမှတ်ရနေမိပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ခုချိန်မှာ ကျွန်တော်တို့ရဲ့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်နေချိန် ဖြစ်ပါတယ်။ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ တရားရေးမဏ္ဍိုင်ဆိုပြီး မဏ္ဍိုင်ကြီး(၃)ခုရှိရာမှာ တစ်ဖက်နဲ့တစ်ဖက် Check And Balance ဖြစ်အောင် ထိန်းညှိပြီးသွားနေပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ပြည်သူတွေက ရွေးချယ်တင်မြှောက်ထားတဲ့သူတွေဖြစ်တာမို့ ဥပဒေပြုရေးမဏ္ဍိုင်ကို ကိုယ်စားပြုပြီးတော့ ပြည်သူတွေရဲ့ဆန္ဒနဲ့အညီ မှန်ကန်မျှတဖြောင့်မတ်တဲ့ တရားစီရင်ရေး ဖြစ်ဖို့နဲ့ တိမ်းစောင်းနေတဲ့ တရားရေးမဏ္ဍိုင်ကြီးကို ပြန်လည် တည့်မတ်စေလိုတဲ့အတွက် အဆိုရှင်က ဒီအဆိုကို တင်သွင်းလာခြင်းဖြစ်တယ်လို့ ထင်မြင်ယူဆမိပါတယ်။

တရားသူကြီးတွေအနေနဲ့ ပြည်သူတွေရဲ့အခွန်ဘဏ္ဍာငွေကိုစားနေတဲ့ ပြည်သူ့ဝန်ထမ်းတွေ ဖြစ်နေတဲ့အတွက် ပြည်သူတွေဖြစ်စေချင်တဲ့ဆန္ဒကို ဆောင်ရွက်ပေးဖို့သင့်ပါတယ်။ ကျမ်းကျိန်ဆိုတယ်ပဲ လုပ်လုပ်၊ ကတိသစ္စာပြုတာပဲဖြစ်ဖြစ် စိတ်စေတနာမှန်ကန်စွာနဲ့ ပြုလုပ်ပေးမယ်ဆိုရင် တရားစီရင်ရေးကို ပြည်သူတွေအနေနဲ့ ယုံကြည်အားကိုးမှု၊ လေးစားမှုတွေ မြင့်တက်လာမှာဖြစ်ပါတယ်။ တရားသူကြီးများအနေနဲ့ အမှုတိုင်းမှာလုပ်စရာ မလိုပါဘူး။ နေ့စဉ် ပထမဦးဆုံး ကိုင်တွယ်ရမယ့်အမှုမှာပဲ အမှုသည်တွေရဲ့ရှေ့မှောက်မှာ ကျမ်းထုပ်ကိုင်ပြီး ယခုအမှုမှစ၍ ယနေ့တွင် ကျွန်ုပ် စစ်ဆေးစီရင်

ဆုံးဖြတ်မည့် အမှုတိုင်းတွင် တရားဥပဒေနှင့်အညီ မျှတမှန်ကန်စွာ ဆောင်ရွက်ပါမည်ဟု ကျွန်ုပ် ကြေညာပါသည်။ မမှန်မကန်ဆောင်ရွက်ပါက ဤကျမ်းစာတွင် ဖော်ပြထားသော ကျိန်စာများ ကျွန်ုပ်အား သင့်ပါစေ။ မှန်ကန်စွာဆောင်ရွက်ပါက ဤကျမ်းစာတွင် ဖော်ပြထားသော ကောင်းကျိုး ချမ်းသာများ ခံစားရပါစေလို့ ဆိုလိုက်တာက (၅)မိနစ်တောင် မကြာနိုင်ပါဘူး။ ဒီလိုဆိုရင် ပြည်သူတွေ ကလည်း အားရကျေနပ်ပြီး တရားရုံးအပေါ်မှာ လေးစားယုံကြည်စိတ်တွေ ဖြစ်ပေါ်လာနိုင်တာမို့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က ဦးစိုးမိုး တင်သွင်းတဲ့ အဆိုကို လေးနက်စွာ ထောက်ခံ ပါကြောင်း တင်ပြဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံး - - - - - - - - - - - - - - -

**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၁။**

**ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦး ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုး တင်သွင်းတဲ့ ပြည်သူများ ယုံကြည်ကိုးစား အားထားပြီး ဖြောင့်မတ်မှန်ကန် မျှတသည့် တရားစီရင်ရေး ဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေး အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တရား ဥပဒေစိုးမိုးရေးနှင့် ဖြောင့်မတ်မှန်ကန်တဲ့ တရားရေးမဏ္ဍိုင် ပေါ်ထွန်းဖို့ဟာ အထူးပဲလိုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်တို့ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတိုင်းမှာလည်း တရားဥပဒေစိုးမိုးရေးနဲ့ တရားစီရင်ရေး မဏ္ဍိုင်ကို အထူးပင် ကြပ်မတ်ဆောင်ရွက်နေတာကို ကျွန်တော်တို့ သိရပါတယ်။ ကျွန်တော်တို့ နိုင်ငံဟာ ဒီမိုကရေစီ ပေါ်ထွန်းလာရေးအတွက် ကြိုးစားဆောင်ရွက်နေတဲ့ နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါတယ်။ အခုလို အချိန်ကာလမျိုးမှာ တရားရေးစနစ်ကို ထိန်းညှိဖို့ဟာ အဓိကကျတဲ့ အခန်းကဏ္ဍမှာ ပါဝင် နေပါတယ်။ တရားရေးစနစ် ဖြောင့်မတ်မှန်ကန်ဖို့အတွက် သမာသမတ်ကျသော၊ မျှတသော၊ ဘက် မလိုက်သော၊ ကျောသား၊ ရင်သား မခွဲခြားသော၊ အဂတိကင်းရှင်းသောအမှု ပေါ်ပေါက်ချက်ကိုသာ အဓိကထား စဉ်းစားဆင်ခြင်တတ်သော၊ လေးစားဂုဏ်ယူဖွယ်ကောင်းသည့် တရားသူကြီးကောင်းများ ပေါ်ထွန်းလာဖို့အတွက် အထူးပင်လိုအပ်ပါတယ်ခင်ဗျား။ တရားသူကြီးတစ်ဦးဟာ အမှု၏ အရေးပါ အရာရောက်ဆုံး ပုဂ္ဂိုလ်ဖြစ်သည့်အပြင် အမှုသည်၏ ကံကြမ္မာကိုလည်း တရားသူကြီးရဲ့ ဆုံးဖြတ်ချက် အပေါ်မှာ အဓိကမူတည်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ မြန်မာနိုင်ငံရဲ့ တရားစီရင်ရေးစနစ်ဟာဆိုရင် မိမဲ့၊ ဖမဲ့ တရား စီရင်ရေးဟုပင် ပြည်သူများကြားက လှောင်ပြောင်ပြောဆိုဝေဖန်နေတာကို ကြားနေရပါတယ်။ ထိုသို့

ပြောဆိုခံရခြင်းဟာလည်း တရားသူကြီးများအပေါ်မှာ ပြည်သူများ လေးစားယုံကြည်မှု လျော့နည်းလာခြင်းကြောင့်လည်း ဖြစ်ပါတယ်။ ထိုသို့ လျော့နည်းလာခြင်းဟာလည်း တချို့သော တရားသူကြီးများဟာ ပေါ့လျော့စွာ ဆောင်ရွက်နေခြင်းကြောင့်လည်း ကျွန်တော်တို့ သိရပါတယ်။ လက်ရှိအနေအထားမှာတော့ တချို့သောတရားသူကြီးတွေဟာ တရားခွင်မှာ ကိုယ်တိုင်ကိုယ်ကျတောင်မှ တရားစစ်ဆေးမှုတွေ မပြုဘဲနဲ့ တရားခွင်စာရင်းနဲ့သာ ထားပြီးတဲ့အခါကျမှ ကျွန်တော်တို့ လွှဲထားတဲ့ ကြားနာစစ်ဆေးနေတယ်လို့ သိရပါတယ်။ အမှုသည်နှင့် သက်သေထွက်ဆိုချက်များကို ကိုယ်တိုင်ကိုယ်ကျ ကြားနာစစ်ဆေးမှသာလျှင် အမှုသည်တွေရဲ့ ပြင်ပအခြေအနေနဲ့ စိတ်နေသဘောထားကို တရားသူကြီးကိုယ်တိုင်က မျက်ဝါးထင်ထင် ဆင်ခြင်သုံးသပ်ပြီးတော့မှ ချင့်ချိန်စဉ်းစားပြီးတော့ အဖြေထုတ်ပေးနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်၍ ကျွန်တော်တို့ တစ်ဦးတစ်ယောက်အပေါ် နစ်နာစေရန် သို့မဟုတ် အကျိုးရလဒ် ဖြစ်ထွန်းစေရန် လိမ်ညာထွက်ဆိုနေသလားဆိုတာကို တရားသူကြီးကိုယ်တိုင် ဝေဖန်သုံးသပ်နိုင်မှာဖြစ်ပါတယ်။

ယခုအခါတွင် တရားခွင်၌ သက်သေစစ်ဆေးနေခြင်းကို တရားသူကြီးတချို့ဟာ စာရွက်ပေါ် ရေးမှတ်ထားတာကိုပဲ အဓိကထားပြီးတော့ သုံးသပ်နေတာမျိုးတွေ ကျွန်တော်တို့ သိရပါတယ်။ တရားသူကြီးဆိုသည်မှာ သာမန်လူသားတစ်ဦးသာ ဖြစ်တဲ့အတွက်ကြောင့် ၎င်း၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တွေကို မည်သို့တိုင်းတာရမလဲဆိုတာလည်း ကျွန်တော်တို့ စဉ်းစားစရာ ဖြစ်ပါတယ်။ အမှုတစ်ခုအား စတင်စစ်ဆေးသည့်အခါမှာ နှစ်ဖက်အမှုသည်များနှင့် နှစ်ဖက်သက်သေများဟာ ကျမ်းထုပ်ကိုင်၍ ကျမ်းသစ္စာကျိန်ဆိုရပါတယ်။ ထိုသို့ ကျမ်းသစ္စာကျိန်ဆိုပြီး ထွက်ဆိုတဲ့ထွက်ဆိုချက်များကို စီရင်သုံးသပ်ရတဲ့ တရားသူကြီးသည် မိမိ၏ကိုယ်ကျင့်တရား၊ ဂုဏ်သိက္ခာ၊ သီလ၊ သမာဓိတို့ကို မှတ်ကျောက်တင်သည့်အနေဖြင့်လည်းကောင်း၊ အမှန်တရား စီရင်ဆုံးဖြတ်ရာတွင် အများပြည်သူ ယုံကြည်လေးစားရန်အတွက်လည်းကောင်း ကျမ်းသစ္စာကျိန်ဆိုခြင်းကို ကျွန်တော်တို့ ပြုသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်အခါဟာ တရားစီရင်ရေးအပေါ် ပြည်သူများ ယုံကြည်မှု ပျောက်ဆုံးနေခြင်းအား တရားသူကြီးများ ကျမ်းကျိန်ဆိုခြင်းဖြင့် ယုံကြည်မှုပြန်လည်တည်ဆောက်လို့ ကျွန်တော်တို့ ထူထောင်လို့ ရနိုင်ပါတယ်။ တရားရုံးအပေါ်မှာ ထင်မြင်ယူဆချက်တွေဟာ လွဲမှားတာလည်းဖြစ်နိုင်ပါတယ်။ သို့မဟုတ် ကိုယ်တိုင်ရင်နင့်အောင် ခံစားပြီးတော့ ခံစားရတဲ့ အတွေ့အကြုံတွေကြောင့်လည်း ဖြစ်နိုင်ပါတယ်။ လွယ်လျှင် သူကြွယ်တောင်မှ လက်ဆော့တယ်ဆိုတဲ့ ဆိုရိုးစကားရှိခဲ့သလို တရားသူကြီးဆိုတာလည်း သာမန် ပုထုဇဉ်လူသားများဖြစ်တဲ့အတွက် ငွေပေးတရားနိုင်သည်ဆိုတဲ့ဖက်ကနေ ရပ်တည်ပေးတဲ့စကားဟာလည်း အလုံးစုံမမှန်ကန်ဟု ပြောဆိုနိုင်တယ်ဆိုရင်တောင်မှ တထစ်ချ မယူဆနိုင်သော်လည်း အခြေအနေ၊ အတိုင်းအတာ တစ်ခုခုအပေါ်မှာ မူတည်ပြီးတော့မှ ပြည်သူများကြားကနေပြီးတော့ ဒီအသံဟာ ထွက်ပေါ်လာခြင်းဖြစ်ပါတယ်။ လူထုအသံထွက်ပေါ်လာတဲ့အပေါ်မှာ ထိန်းကျောင်းပေးဖို့ စောစောက ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားသလို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့တာဝန်သာ ဖြစ်ပါတယ်။

ထို့အတွက်ကြောင့် ဒီမိုကရေစီနိုင်ငံတစ်ခု၏ အရေးကြီးဆုံးနှင့် အရေးပါဆုံးသော တရားရေးမဏ္ဍိုင်တစ်ခုပေါ်ထွက်လာရန် တရားစီရင်ရေးအပေါ် ပြည်သူများ ယုံကြည်လေးစားမှု ပိုမိုရရှိလာရန်အတွက် တရားသူကြီးများသည် အမှုတစ်ခုအား စတင်စစ်ဆေးပြီးချိန် သို့မဟုတ် စစ်ဆေးပြီးတဲ့အခါမှာ

အမှုတစ်ခုအပေါ်မှာ စီရင်ချက်၊ ဆုံးဖြတ်ချက်ချမည့်အချိန်မျိုးမှာ တရားသူကြီးများကိုယ်တိုင် ကျမ်းသစ္စာကို လေးလေးနက်နက် ကျိန်ဆို၍ မိမိရဲ့ အမှုသည်နှင့် အမှုသည်များအပေါ်မှာ မှန်ကန်စွာ ဆုံးဖြတ်ကြောင်းကို သက်သေပြသင့်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုး တင်သွင်းတဲ့ အဆိုကို လေးလေးနက်နက်ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါ တယ်ခင်ဗျား။

**အချိန်၊ ၁၁း၄၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာ ကျော်သန်းထွန်း(ကန်တုန်) ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၆။**

**ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုတရားသူကြီး လွှတ်တော် ကိုယ်စားလှယ်အပေါင်း ကျန်းမာ၊ ချမ်းသာကြစေရန် ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော် ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ကျော်သန်းထွန်း(ကန်တုန်) ဖြစ်ပါတယ်။ ၂၃ - ၁ - ၂၀၁၉ ရက်နေ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က ဦးစိုးမိုး ရဲ့ ယုံကြည်ကိုးစား အားထားပြီး ဖြောင့်မတ်မှန်ကန် မျှတသည့် တရားစီရင်ရေး ဖြစ်ထွန်းရန် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေး အဆိုကို ကျွန်တော်က ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူသားဟာ မွေးဖွားစဉ်ကတည်းက စည်းကမ်း၊ ဥပဒေနဲ့ နေလာကြတဲ့ သတ္တလောကသားတွေ ဖြစ်ပါတယ်။ လူ့ဘောင်လောကမှာ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေဘောင်တို့ဖြင့် ကန့်သတ်တည်ဆောက်ထားခြင်းလည်း ဖြစ်ပါတယ်။ မိဘနဲ့ သားသမီး၊ ဆရာနဲ့ တပည့်၊ လူသားနဲ့ ပတ်ဝန်းကျင် အားလုံး စည်းကမ်း၊ ဥပဒေအတိုင်း လိုက်နာကျင့်သုံးရန် ဘဝခရီးလမ်းကို ဖြတ်သန်းနေ ကြတာဖြစ်ပါတယ်။ လူမှာအဝတ်၊ တောင်းမှာအကွပ် ဆိုတဲ့စကားတွေ၊ အကွပ်မရှိတဲ့ကြမ်း ပရမ်းပတာ ဆိုတဲ့စကားတွေဟာ စည်းကမ်း၊ ဥပဒေရှိဖို့ ရည်ညွှန်းပေးထားတာ ဖြစ်ပါတယ်။ လူမှုစည်းကမ်းများဖြင့် မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာဝင်တိုင်း သိရှိနားလည်ထားကြပြီးဖြစ်တဲ့ ပါဏာတိပါတ် မသတ်သူ့သက်၊ ခိုးဝှက်မမူ၊ မယူသေစာ၊ အိမ်ရာမမှား၊ မုသားမဆို ဆိုတဲ့ငါးပါးသီလဟာ လူတိုင်းကျင့်ကြံအပ်တဲ့ မှန်ကန်တဲ့ အသိတရားပေးနေတဲ့ ဖြူသောနှလုံး၊ သူတော်စင်တို့ရဲ့ကျင့်ထုံး ဖြစ်ပါတယ်။ အခြားသော ဘာသာဝင်တိုင်းမှာလည်း မွန်မြတ်တဲ့အကျင့်သီလနဲ့ပတ်သက်တဲ့ ဆုံးမသြဝါဒတွေ ရှိမယ်လို့ ကျွန်တော် ယုံကြည်မိပါတယ်။ ထို့အတူပဲ သားသမီးကျင့်ဝတ်၊ တပည့်ကျင့်ဝတ်တွေလည်း ရှိပါသေးတယ်။ ဤနည်းအားဖြင့် မိဘနဲ့ သားသမီး၊ ဆရာနဲ့ တပည့်တို့ရဲ့ စောင့်စည်းရမယ့် သီလတွေဟာ လူ့တန်ဖိုးကို စောင့်စည်းထိန်းသိမ်းပေးနေတာ ဖြစ်ပါတယ်။

ကျင့်ဝတ်ဆိုတာ ကျင့်ကြံအပ်တဲ့ လူ့ဝတ္တရားတွေဖြစ်ပါတယ်။ ဆိုအပ်ပြီးဖြစ်တဲ့ ကျင့်ဝတ် တွေဟာ လူသားတွေအတွက် နှလုံးစိတ်ထား ယဉ်ပါးမွေ့လျော်စေဖို့ သူတော်စင်တို့ရဲ့ ထုံးတမ်း ဖြစ်တော့ လိုက်နာအပ်တဲ့ ဆုံးမသြဝါဒတွေဟာ လူ့လောကရဲ့ တရားဓမ္မတွေ ဖြစ်လာခဲ့ပါတယ်။ တရား

ဆိုတာ ဝေါဟာရအရ တော်တည့် ဖြောင့်မှန်ခြင်း၊ မျှတမှန်ကန်ခြင်းဆိုတဲ့ အဓိပ္ပာယ်ဆောင်ပြီး တရားနဲ့ ဆန့်ကျင်ဘက် မတရား၊ မှန်ကန်ခြင်းနဲ့ ဆန့်ကျင်ဘက် မမှန်ကန်ခြင်းတို့လည်း ရှိပါသေးတယ်။ ဖြောင့်မတ်မှန်ကန်တဲ့ ကျင့်ဝတ်သိက္ခာကို စံနမူနာထားပြီး မမှန်မကန်၊ အယူလွဲမှား၊ ဖောက်ပြန်ခြင်း တရားတွေနဲ့ ရှိသူတွေကိုတော့ တရားချိန်ခွင်လျှာညှိပြီး စစ်ဆေးအရေးယူ အပြစ်ပေးခြင်းများ၊ ပဲ့ပြင်ဆုံးမပေးခြင်းများကို ရှေးနှစ်ပေါင်းများစွာ ကမ္ဘာဦးကာလကတည်းက လုပ်ဆောင်ပေးလျက်ရှိပါတယ်။ လူသားတို့ကို ပဲ့ပြင်ဆုံးမ ထိန်းကျောင်းပေးတဲ့ ဓမ္မသတ်ကျမ်းတွေထားရှိခဲ့ပြီး အဓိပ္ပာယ်အားဖြင့် ဓမ္မ+သတ္တ တရားကိုဆုံးဖြတ်သောကျမ်းဆိုပြီး ပြဋ္ဌာန်းခဲ့ကြောင်းကို Burmese Buddhist Law စာအုပ်မှာ ဖွင့်ဆိုထားပါတယ်။

မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေမှာ လူကို ယဉ်ပါးသိမ်မွေ့စေပြီး အပြစ်ကိုပြင်ရန် ထိန်းမတ်ပေးကြောင်းနှင့် ဂျပ်ဆင်အဘိဓာန်မှာတော့ Code of Law မှာ ဖွင့်ဆိုထားပါတယ်။ သို့ဖြစ်၍ အမှန်နှင့် အမှား၊ တရားနှင့် မတရား၊ ဓမ္မနှင့် အဓမ္မတို့အတွက် အနိုင့်အထက် မဖြစ်စေရန် ထိန်းမတ်ပေးတဲ့ အကြီးအကဲ(ဝါ)ဂျူရီလူကြီးများ ထားရှိခဲ့ပြီး ကျေးလက်ဒေသမှာတော့ ရပ်ရွာအကြီးအကဲ(ဝါ)သူကြီးက အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးကို ပူးတွဲကိုင်ပါတယ်။ မြို့ပြဒေသမှာတော့ နိုင်ငံတော်က ခန့်အပ်တဲ့ တရား + သူကြီး(ဝါ)တရားသူကြီးဆိုတာ သီးသန့်ခန့်အပ်ပေးခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ အမှန်အကန် စစ်ဆေးဆုံးဖြတ်ရမယ့် တရားမျှတခြင်းကိုစီရင်ရမယ့် တရားသူကြီးဟာ အဂတိတရား(၄)ပါး ဖြစ်တဲ့ ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟ လုံးဝကင်းစင်ရပါမယ်။ ထက္ကြွ၊ နိုးကြား၊ သနား၊ သည်းခံ၊ ဝေဖန်၊ ထောက်ရှု ဤ(၆)ခုနှင့်ညီသော နာယကဂုဏ်နဲ့လည်း ပြည့်စုံရန်လည်း လိုအပ်ပါမယ်။ ဆရာတော်အရှင်ဇနကာဘိဝံသလို စိတ်ထားကောင်းဖို့ရာ ပထမဖြစ်ရန်နှင့် ဗီဇစိတ်ကောင်းဖို့ရန်လည်း လိုအပ်မှာဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၄၀၀)ခန့်က ဒဿနပညာရှင် မင်းဆီးယပ်စ် က အသက်နဲ့ ဖြောင့်မတ်မှန်ကန်ခြင်းကို ကျွန်ုပ်သည် မြတ်နိုးသည်။ အကယ်၍ တစ်ခုခုကိုရွေးချယ်ရပါက အသက်ကိုစွန့်၍ ဖြောင့်မတ်မှန်ကန်ခြင်းကို ရွေးချယ်ရပါမည်ဟူ၍ ကိုယ်ကျင့်တရားနှင့် ကျင့်ဝတ်သိက္ခာကို ရှေ့တန်းထားကာ အသက်ထက်အရေးကြီးကြောင်း ညွှန်ပြခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ ကျွန်တော်တို့ ကိုယ်ကျင့်တရား၊ ကျင့်ဝတ်သိက္ခာ၊ သီလသမာဓိတို့အကြောင်းသည် ဘာကြောင့် တင်ပြဆွေးနွေးနေရပါသလဲ။ မြန်မာနိုင်ငံအတွင်း နေထိုင်ကြသူ နိုင်ငံသားအားလုံး ပြဋ္ဌာန်းထားရှိသော တရားဥပဒေကို သိရှိနားလည်ပြီးဖြစ်သည် ဟူ၍ မှတ်ယူရမည်ဆိုတဲ့ အဆိုအမိန့်ကို ရာဇသတ်ကြီးမှာ ကျွန်တော် မှတ်သားမိပါတယ်။ နိုင်ငံသားအားလုံး ပြဋ္ဌာန်းထားတဲ့ တရားဥပဒေအားလုံးကို သိရှိပြီး ဟုတ်၊ မဟုတ် မသေချာပေမယ့် တရားဥပဒေကို တရားခွင်မှာ နေ့စဉ်နှင့်အမျှ စီရင်ဆုံးဖြတ်ပေးနေတဲ့ ပညာရှိတရားသူကြီးမင်းများ ဖောက်ပြန်၊ အကျင့်ပျက်၊ ငွေစုံမက်ပြီး အဂတိတရား (၄)ပါးကို မစောင့်စည်း ပျော်ပျော်ကြီး လာဘ်လာဘယူနေကြတဲ့ ဒီကနေ့ ငွေများတရားနိုင်ဆိုတဲ့စကား ပြည်သူတို့ရဲ့အသံဖြစ်တဲ့ လာဘ်ပေးရင် ရန်မလို ဆိုတဲ့ အသံတွေနဲ့ တရား-မတရားသူကြီးဆိုပြီး တရားသူကြီးကို ကဲ့ရဲ့ပြုသံတွေဟာ မြန်မာနိုင်ငံရဲ့ တရားရေးချိန်ခွင် တစ်ဖက်စောင်းနင်းဖြစ်နေခြင်းကို ညွှန်ပြနေခြင်းဖြစ်ပါတယ်။ ယမန်နှစ် နှစ်ကူးညက ကလပ်တစ်ခုမှာ ဖြစ်ပျက်သွားတဲ့ အောင်ရဲထွေး ရဲ့ အမှုဖြစ်စဉ်က ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ဟောင်း အပါအဝင်(၆)ဦးရဲ့ အဂတိလိုက်စားမှုကတော့ တုန်လှုပ်ချောက်ချားစရာ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ပျံ့နှံ့သွားခဲ့ပါတယ်။

ယနေ့ ဦးစိုးမိုး ရဲ့ အဆိုကဲ့သို့ အလားတူ ပထမအကြိမ်၊ စတုတ္ထပုံမှန် အစည်းအဝေး ၂၃-၁-၂၀၁၃ နေ့ ကျင်းပခဲ့တဲ့ ယခင်လွှတ်တော်ကိုယ်စားလှယ် ယခု နိုင်ငံတော်သမ္မတကြီး ဦးဝင်းမြင့် တာဝန်ထမ်းဆောင်နေစဉ်မှာ မေးမြန်းခဲ့တဲ့ ယခုမေးခွန်းကဲ့သို့မေးမြန်းမှုကို မှတ်တမ်းတင်ထားရှိပြီး ဆက်လက်ဆောင်ရွက်ဖို့သာ စီစဉ်ခဲ့ကြောင်း လေ့လာဖတ်ရှုရတဲ့အခါ ထိုစဉ်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးဖြစ်သူဟာ ကျမ်းသစ္စာကျိန်မှုကို နိုင်ငံတော်တာဝန်ထမ်းဆောင်စဉ်ကတည်းက တစ်ကြိမ်၊ ကျမ်းသစ္စာ ကျိန်ဆိုပြီးဖြစ်၍ နောက်ထပ်ကျိန်ဆိုရန် မလိုတော့ကြောင်းနှင့် ကြိမ်ဖန်များစွာ ကျမ်းသစ္စာကျိန်ဆိုရပါက အဖိုးမတန် ပေါ့တန်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားချက်အရ သိရှိရပါတယ်။ ကျမ်းသစ္စာကျိန်ဆိုခြင်းဟာ တရားစီရင်ရေးနှင့် တရားသူကြီးရဲ့ ကိုယ်ကျင့်သိက္ခာနဲ့ သမာဓိကို ထိန်းမတ်သတိပေးနေပြီး မီးနဲ့ဝေးနေတဲ့ချိပ်ကို ပျော့ပျောင်းအောင် မီးမကြာခဏပေးနေရသလို ကိုယ်ကျင့်တရား၊ ကျင့်ဝတ်သိက္ခာ၊ မဖောက်မပြန် မတိမ်းမစောင်းစေဖို့ ကျမ်းသစ္စာဆိုရမည့် စာသားအရ မမှန်မကန်ထွက်ဆိုပါက ကျမ်းစူးပါစေသားဆိုပြီး တရားခွင်ရှေ့မှောက်မှာ တရားလို၊ တရားခံ သက်သေများက ကျမ်းသစ္စာ ကျိန်ဆိုရပါတယ်။

ထို့အတူပဲ တရားသူကြီးတို့အတွက်လည်း လာဘ်လာဘ တံစိုးလက်ဆောင်ယူခြင်း၊ အဂတိတရားတို့မှ ကင်းရှင်းစွာ အမှုကို စီရင်ပါမည်။ မမှန်မကန် အဂတိလိုက်စား၍ စီရင်ဆုံးဖြတ်ခဲ့ပါက ကျမ်းစူးပါစေသားဆိုတဲ့ ကျမ်းသစ္စာ ကျိန်ဆိုခြင်းဟာ အမှန်တကယ်လိုအပ်နေတဲ့ အချိန်ကာလ ဖြစ်ပါ၍ ဦးစိုးမိုး ရဲ့ အဆိုကို ယနေ့ကာလ တရားရေးချိန်ခွင် အဝေဖန်ခံနေရချိန်မှာ မိမိတို့ အမျိုးသားရေး ဖြစ်တဲ့ လူမျိုးဂုဏ်၊ ဇာတိဂုဏ် ထိန်းသိမ်းတဲ့အနေဖြင့် တရားသူကြီးများ၊ ကျမ်းသစ္စာ ကျိန်ဆိုနိုင်ရေးကို လေးလေးနက်နက် ထောက်ခံကြိုဆိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်စန်းစန်းမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၃။**

**ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းမြင့် ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မက ဦးစိုးမိုး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ ပြည်သူများ ယုံကြည်ကိုးစားအားထားပြီး ဖြောင့်မတ်မှန်ကန်မျှတသည့် တရားစီရင်ရေးဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ၊ တရားခွင်တွင် ကျမ်းသစ္စာဆိုတာကို တိကျလေးနက်စွာကျိန်ဆိုရေး အဆိုအား ကြိုဆိုထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံမှာ တရားဥပဒေစိုးမိုးရေးဟာ အဓိကဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှုရှိရန် တရားရုံးအသီးသီးမှာ တာဝန်ထမ်းဆောင်နေကြသော တရားစီရင်ရေးကို ဆောင်ရွက်နေကြတဲ့ တရားသူကြီးများအပေါ် ပြည်သူများက ယုံကြည်အားထားမှုရှိမှသာ နိုင်ငံ၏တရားဥပဒေစိုးမိုးမှုဟာ လုံးဝဥဿုံ အထောက်အကူပြုမည် ဖြစ်ပါတယ်ရှင်။ မြန်မာနိုင်ငံမှာ

တည်ဆဲဥပဒေဖြစ်သော ကျမ်းသစ္စာကျိန်ဆိုရေးအက်ဥပဒေ ပုဒ်မ ၅ မှာဆိုရင် သက်သေများ၊ ဂျူရီလူကြီးများ ကျမ်းသစ္စာ ကျိန်ဆိုရန်အတွက် ပြဋ္ဌာန်းထားပြီး တရားရုံးများလက်စွဲ အပိုဒ် ၇၃ မှ ၇၅ အထိမှာ မှန်ကန်စွာ ထွက်ဆိုပါက ကျမ်းသစ္စာမှာပါရှိတဲ့ ကောင်းကျိုးများကို ခံစားနိုင်မည်။ မမှန်မကန်ထွက်ဆိုပါက ကျမ်းသစ္စာတွင်ပါရှိသော ဆိုးကျိုးများရနိုင်ပါစေ။ ကတိသစ္စာပြုရေးတို့နှင့် ပြဋ္ဌာန်းထားချက်များ ရှိခဲ့ပြီးဖြစ်ပါတယ်။ ဂျူရီလူကြီးများ ခန့်အပ်သည်ကို လွတ်လပ်ရေးမရမီက ကျင့်သုံးခဲ့သော်လည်းပဲ အောင်မြင်မှုမရှိခဲ့တဲ့အတွက်ကြောင့် လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ ဂျူရီစနစ်ကိုဆက်လက် မကျင့်သုံးခဲ့တော့ကြောင်းကိုလည်းပဲ သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ တရားရုံးချုပ်အနေဖြင့် ကျမ်းသစ္စာကျိန်ဆိုခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအတိုင်း အမှုသည်နှင့် သက်သေများ တိကျစွာ လိုက်နာဆောင်ရွက်ရန် တရားရုံးအသီးသီးသို့ ညွှန်ကြားချက်များ ထုတ်ပြန်ထားပြီးဖြစ်သော်လည်း ကျမ်းကျိန်ဆိုခြင်းအား အမှုသည် သက်သေများကသာ ကျိန်ဆို၊ ထွက်ဆိုနေကြပြီး တရားခွင်ပေါ်မှ တရားသူကြီးများဟာ ကျမ်းကျိန်ဆိုခြင်း မရှိသည့်အတွက် တရားရေးအဆင့်ဆင့်မှာ ပြည်သူလူထုအနေဖြင့် တရားရုံးများအပေါ် ယုံကြည်မှု အားနည်းလာပြီး ယနေ့တရားစီရင်ရေးမှာ သိသာထင်ရှားစွာ မြင်တွေ့နေရပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ တရားသူကြီးများသည် နေ့စဉ် တရားခွင်မှာ ကျမ်းကျိန်ရန် လို၊ မလို ဟူသည့် မေးခွန်းမှာ ကျမ်းသစ္စာကျိန်ဆိုပြီး အမှုစစ်ဆေးခြင်းနဲ့ ထွက်ဆိုချက်များရယူခြင်းသည် တရားသူကြီးများအပေါ် တရားစီရင်ရေးအား မှန်ကန်ဖြောင့်မတ်စွာ တရားစီရင်နေခြင်းဖြစ်ကြောင်း ပြည်သူများက ယုံကြည်အားကိုးလာသည်နှင့်အတူ နိုင်ငံမှာ တရားဥပဒေ စိုးမိုးလာနိုင်မည်ဖြစ်ကြောင်း ယုံကြည်မိပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ပထမအကြိမ် လွှတ်တော်သက်တမ်းမှာ ပုသိမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် က ပြည်သူများ ယုံကြည်ကိုးစားပြီး ဖြောင့်မတ်မှန်ကန်မျှတသည့် တရားစီရင်ရေး ဖြစ်ထွန်းစေရေးအတွက် တရားသူကြီးများလည်း ကျမ်းကျိန်ဆိုသင့်ပါကြောင်း အဆိုတင်သွင်းရာမှာ မှတ်တမ်းတင်ခြင်း ခံခဲ့ရကြောင်းသိရှိရပါတယ်။ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွှန့် ကလည်း တရားသူကြီးများ ကျမ်းသစ္စာကျိန်ဆိုရေး၊ ပြည်ထောင်စု တရားစီရင်ရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းတစ်ရပ် တင်သွင်းခဲ့ရာမှာ အဆိုမအောင်မြင်ခဲ့ကြောင်းလည်း သိရှိရပါတယ်။

သို့ပါ၍ တရားစီရင်ရေးမဏ္ဍိုင်ရဲ့ ပုံရိပ်များ ကောင်းသည်ထက် ကောင်းမွန်လာရေးသည် တရားရုံးအဆင့်ဆင့်ရှိ တရားသူကြီးများ အဂတိတရားကင်းရှင်း၍ သီလ၊ သမာဓိ၊ ဉာဏ်အမြော်အမြင်နဲ့ ဂုဏ်သိက္ခာရှိရှိ ဆင်ခြင်တုံတရားရှိမှုတို့သည် အဓိက အရေးကြီးသည့်အချက်ဖြစ်ရာ နိုင်ငံတော်သမ္မတသည်ပင် ပေးအပ်သည့် တာဝန်နှင့် ဝတ္တရားများ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်ပါမည်ဟု ကျမ်းသစ္စာ ကျိန်ဆိုနေရသေးလျှင် တရားရေးမဏ္ဍိုင်တွင် အဓိက တာဝန်ရှိသော တရားသူကြီးများသည် တရားခွင်အတွင်း ကျမ်းသစ္စာ ကျိန်ဆိုသင့်ပါကြောင်း ပြည်သူလူထုအနေဖြင့် တရားရုံးများအပေါ် ယုံကြည်မှု ပြန်လည်ရရှိစေရန်နှင့် ဖြောင့်မတ်မှန်ကန်မျှတသည့် တရားစီရင်ရေး ပြန်လည်ရရှိစေရန် အဆိုတင်သွင်းရခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ တည်ဆဲဥပဒေဖြစ်တဲ့ the Oath Act ကျမ်းသစ္စာကျိန်ဆိုရေး ဥပဒေမှာတော့ တရားသူကြီးများ ကျမ်းကျိန်ရမယ်လို့ ပြဋ္ဌာန်းထားတာတော့ မရှိပါဘူး။ သို့သော်လည်း ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်စဉ်က နိုင်ငံတော် သမ္မတကြီးရဲ့ရှေ့မှာပင် ပေးအပ်သည့်တာဝန်ဝတ္တရားများကို မှန်ကန်စွာ ဆောင်ရွက်ပါမည်ဟု ကျမ်းသစ္စာ ကျိန်ဆိုကြရပါတယ်။ ထိုသို့ ကျမ်းသစ္စာကျိန်ဆိုခြင်းသည် တရားသူကြီး တာဝန်ထမ်းဆောင်နေသော ကာလတစ်လျှောက်လုံးအတွက် မိမိတို့ တာဝန်ထမ်းဆောင်မှုဟာ ဘက်လိုက်မှုမရှိဘဲ မှန်ကန်စွာ ဆောင်ရွက်ပါမည်ဟု ပဋိညာဉ် ပြုခြင်းသာဖြစ်တယ်။ ကျမ်းသစ္စာအက်ဥပဒေ ပုဒ်မ ၆ အရ ကျမ်းသစ္စာ ကျိန်ဆိုခြင်းမပြုရသော ဟိန္ဒူဘာသာဝင်သူနဲ့ မဟာမေဒင်ဘာသာဝင်သူ သက်သေများ၊ ဂျူရီလူကြီးများ သို့မဟုတ် စကားပြန်များမှအပ ကျန်ဘာသာဝင် တရားသူကြီးများ၊ အမှုသည်များ၊ သက်သေများ အားလုံး နေ့စဉ် တရားခွင်တက်၍ အမှုတစ်ခုကို စတင်စစ်ဆေးပြီးချိန်တွင် ကျမ်းသစ္စာ ကျိန်ဆိုရန် လိုအပ် နေပြီဖြစ်ပါတယ်။ ယခုအခါ အဆိုရှင် အဆိုပြုထားခြင်းမှာလည်း တရားခွင်တက်သော တရားသူကြီး များသည်လည်း အမှုသည်များ၊ သက်သေများကဲ့သို့ ကျမ်းထုပ်ကိုင်၍ ပြည်သူများ ယုံကြည်အားကိုးပြီး ဖြောင့်မတ်မှန်ကန် တရားမျှတသော တရားစီရင်ရေးဖြစ်ကြောင်း ပွင့်လင်းမြင်သာမှုရှိစေရန် တရားသူကြီးများ ကျမ်းကျိန်ဆိုသင့်ပါကြောင်း တင်ပြထားခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နိဂုံးချုပ်အနေနဲ့ တရားစီရင်ရာတွင် အမှန်ကို ဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့ အမှန်တရားကို စီရင်ကြောင်း အများမြင်စေရမည်ဟု တရားစီရင်ထုံးရှိခဲ့ရာ တရားစီရင်ထုံးသည် မြန်မာ နိုင်ငံတရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်တွေ လမ်းညွှန်ထားပါသဖြင့် အမှန်တရားကို ရိုးသားဖြောင့်မတ် တည်ကြည်စွာ တရားစီရင်ဆောင်ရွက်ပေးကြမည့် တရားသူကြီးများအနေဖြင့် ကျမ်းသစ္စာ ကျိန်ဆိုပေးနိုင်ရန် ဝန်လေးမည်မဟုတ်ပါကြောင်း ယုံကြည်ပါသဖြင့် အဆိုရှင်၏ အဆိုအား လှိုက်လှဲစွာ ကြိုဆိုထောက်ခံပါကြောင်း ဆွေးနွေးအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်လှဌေး(ခ) ဒေါ်အုန်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၈။**

**ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုတရားသူကြီး၊ တရားလွှတ်တော် ချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက်ဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)က ဦးစိုးမိုး ရဲ့ ပြည်သူများ ယုံကြည်ကိုးစားအားထားပြီး ဖြောင့်မတ်မှန်ကန်မျှတသည့် တရားစီရင်ရေးဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ၊ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေးအဆိုကို အပြုသဘောနဲ့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။ ကျွန်မတို့ တရားစီရင်ရေးမဏ္ဍိုင်မှာ တရားသူကြီး၊ အစိုးရဌာန၊ ပြင်ပရှေ့နေ၊ အမှုသည်၊ သက်သေ၊

ရာဇဝတ်မှု ရဲအရာရှိတွေနဲ့ ပြဋ္ဌာန်းဥပဒေများ ဖြစ်ပါတယ်။ ပြဋ္ဌာန်းဥပဒေဟာ ပုံမှန် တစ်သမတ်တည်း ရှိပြီးတော့ မလိုက်နာဘဲ နေလို့မရပါဘူး။ အဆိုရှင်ဟာ တရားစီရင်ရေးကို ပြည်သူများ ယုံကြည်အားထားမှုရှိမှသာ နိုင်ငံ၏တရားဥပဒေစိုးမိုးမှုကို အထောက်အကူဖြစ်စေရန်အတွက် တရားစီရင်ရေး မဏ္ဍိုင်တွင် ပါဝင်သော တရားသူကြီး၊ အမှုသည်နှင့် သက်သေများ၊ တရားခွင်တွင် ကျမ်းသစ္စာကို လေးနက်စွာ ကျိန်ဆိုလိုခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ဒီနေ့ဒီအချိန်အခါမှာ ပြည်သူတွေဟာ တရားသူကြီးတွေ၊ အမှုသည်တွေရော၊ ကျမ်းကျိန်ဆိုစေချင်တဲ့ သဘောကတော့ ကျွန်မတို့ မြန်မာနိုင်ငံ တရားစီရင်ရေး သမိုင်းရဲ့ ဖြစ်စဉ်များကနေပြီးတော့ ပေါက်ဖွားလာတာ ဖြစ်ပါတယ်ရှင်။ ကျွန်မတို့ မြန်မာနိုင်ငံ တရားစီရင်ရေးကို ပြန်ကြည့်တဲ့အခါမှာ မြန်မာနိုင်ငံဟာ အလွန်စနစ်ကျတဲ့ တရားစီရင်ရေး စနစ်တစ်ခုကို အင်္ဂလိပ်ကိုလိုနီထံက ရခဲ့ပါတယ်။ တရားစီရင်ရေးရဲ့ ရည်ရွယ်ချက်ကတော့ မှန်မှန်ကန်ကန် ဆုံးဖြတ်ဖို့၊ မြန်မြန်ဆန်ဆန် ပြီးပြတ်ဖို့ဖြစ်ပါတယ်။ ပြင်ပက ကြားတာ၊ သိတာ၊ အမိန့် ပေးတဲ့အပေါ်မှာ လိုက်ပြီးတော့ မဆုံးဖြတ်ပါဘူး။ တစ်ဆင့်ကြားစကားလိုဟာမျိုးကိုလည်း တရားသူကြီးတွေက လက်မခံပါဘူး။ တရားသူကြီးများဟာ သာမန်အရပ်သားမဟုတ်ဘဲနဲ့ တရားသူကြီးများဟာ ဥပဒေပညာရှင်များ ဖြစ်ပါတယ်။ တရားသူကြီးများဟာ သက်သေခံဥပဒေကိုလည်း လိုက်နာတဲ့အကျင့် ရှိပါတယ်။ ဥပဒေကို ဆန့်ကျင်ပြီး ဆုံးဖြတ်ရမှာကို ကြောက်ရွံ့တဲ့သူ၊ အဂတိတရား ကင်းစင်သူများကို ရွေးချယ်ပြီးတော့မှ ခန့်ထားခဲ့ပါတယ်။ အဲဒီခန့်ထားတဲ့ တရားသူကြီးအပေါ်မှာလည်း ဘယ်အုပ်ချုပ်သူကမှ ဝင်ရောက်စွက်ဖက်ခွင့် မပြုပါဘူး။ အရင်တုန်းက တရားစီရင်ရေးစနစ် ဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ်မှာ ပြည်သူက ရွေးချယ်လိုက်တဲ့ အစိုးရဟာ ၁၉၆၂ ခုနှစ်မှာ ကျွန်မတို့ သိမ်းဆည်းခံရပါတယ်။ အဲဒီအခါမှာ အုပ်ချုပ်ရေးဌာနတွေရော၊ တရားစီရင်ရေးတွေ ကျွန်မတို့ စစ်ဗိုလ်ချုပ်ကြီးများက ရုံးထိုင်ပြီးတော့ စစ်ဆေးခဲ့ပါတယ်။ ၁၉၇၂ ခုနှစ် အလယ်လောက်မှာတော့ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည် ဗိုလ်ချုပ်ကြီး -----

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ် ဆိုလိုတာက ကျွန်တော်တို့ ကျမ်းကျိန်တာကိုပဲ အဓိက ထားပါ။ အခုကိစ္စဟာ ကျမ်းကျိန်ဖို့ကို အဓိကထား၊ ကျမ်းကျိန်ခိုင်းတာက တရားသူကြီးတွေမကဘူး။ တရားရှေ့နေတွေကော၊ သက်သေတွေကော၊ တရားခံတွေကော၊ ကျိန်ဖို့ ဒါ အဆိုရှင်က အဆိုပြုထားတာ။ ဘာတုန်းဆိုတော့ ဒါ ကျမ်းကျိန်တာတွေ၊ ဒါ ကျွန်တော်လည်း ရှေ့နေတစ်ယောက်ဖြစ်ပြီးတော့ ရှေ့နေတွေက ကျမ်းကျိန်တဲ့အခါမှာ တိတိကျကျမရှိဘဲ ပေ့ါပေ့ါဆဆကျိန်တာ အများကြီးရှိတယ်။ ဒါကြောင့်မို့လို့ အဆိုရှင်က အဆိုကို တိတိကျကျ ခိုင်ခိုင်မာမာ ကျိန်ဖို့ပြောတာ၊ အဲဒါကိုပဲ ဆွေးနွေးပေးပါ။

**ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ အဆိုရှင်ဟာ ကျမ်းသစ္စာ ကျိန်ဆိုပေးရမည့် ပုဂ္ဂိုလ်အမျိုးအစားကို (၃)ခု ခွဲခြားတင်ပြထားပါတယ်။ အမှုသည်များနှင့် သက်သေများ၊ ကျမ်းသစ္စာကျိန်ဆိုရေးနှင့် ပတ်သက်ပြီးတော့ ကျမ်းသစ္စာကျိန်ဆိုရေး အက်ဥပဒေဟာ ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ကျွန်မ အရင်ဆွေးနွေးသွားခဲ့တဲ့ ဦးထိန်ဝင်း၊ ဒေါ်စန်းစန်းမြင့်နှင့် ဒေါက်တာ ကျော်သန်းထွန်း(ကန်တုန်) တို့ကလည်း ဒါကို ဆွေးနွေးသွားပြီး ဖြစ်ပါတယ်။ အဲဒီလို ဆွေးနွေးချက်များအရ ကျွန်မတို့ ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတွေကို တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးတုန်းက ကျွန်မတို့ ပြည်ထောင်စုလွှတ်တော်မှာလည်း လာပြီးတော့ ကျမ်းကျိန်ဆိုခဲ့တာ ရှိပါတယ်။ မှန်ကန်စွာဆောင်ရွက်ပါမယ်။ အဂတိလိုက်စားခြင်းမရှိဘဲ

မှန်ကန်စွာ ဆောင်ရွက်ပါမယ်ဆိုပြီးတော့ ကျမ်းသစ္စာကျိန်ဆိုခဲ့ပါတယ်။ အဲဒီလိုပဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ်နှင့် တရားသူကြီးများဟာလည်း တိုင်းဒေသကြီး တရားသူကြီးများ အဖြစ် ခန့်အပ်တာဝန်ပေးတဲ့အခါမှာ တိုင်းဒေသကြီး ပြည်နယ်ဥက္ကဋ္ဌ ရဲ့ ရှေ့မှောက်မှာ ကျိန်ဆိုပြီး ဖြစ်ပါတယ်။

တရားစီရင်ရေးကို ပြည်သူများ ယုံကြည်အားကိုးလာစေရန် အဓိက ဆောင်ရွက်ရမည့် ပုဂ္ဂိုလ်များဟာ တရားသူကြီးများ ဖြစ်ပါတယ်။ တရားသူကြီးတစ်ဦးရဲ့ ပြုမူဆောင်ရွက်ချက်ဟာ တရားစီရင်ရေးဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှုအပေါ်မှာ ပြည်သူရဲ့ ယုံကြည်အားကိုးမှုရရှိစေရန် ထပ်လောင်းအတည်ပြုခြင်း ရှိစေရပါမယ်။ တရားစီရင်ရာတွင် အမှန်ကိုဆုံးဖြတ်ရုံမျှသာမက ထိုသို့ အမှန်တရားစီရင်ကြောင်း အများမြင်စေရမည်ဟု မြန်မာနိုင်ငံတရားသူကြီးများတွင် တရားစီရင်ရေး အကျဉ်းကို လမ်းညွှန်ထားခဲ့ပါတယ်။ တရားရုံးမှာ ရောက်လာတဲ့ အမှုသည်များ၊ သက်သေများဟာ ကျမ်းသစ္စာမှာပါတဲ့ အကျိုးအပြစ်တွေကို အတိအကျမသိတဲ့သူ များပါတယ်။ ရုံးရှေ့မှာ ကျမ်းသစ္စာ ပြုတဲ့အခါမှာ အလုံးစုံ အမှန်အကန် အစစ်ခံပါမည်ဟု ကြေညာပါသည်။ မမှန်မကန်သည်ကို အစစ်ခံ သည်ရှိသော် သို့တည်းမဟုတ် မည်သည်ကိုမဆို ထိမ်ချန်ထားသည်ရှိသော် ဤကျမ်းစာတွင် ဖော်ပြ ထားသော ကျိန်စာများ ကျွနုပ်အား သင့်ပါစေသား၊ ကျွနုပ်သည် အလုံးစုံ အမှန်အကန်ကို အစစ်ခံသည် ရှိသော် ဤကျမ်းစာတွင် ဖော်ပြထားသော ကောင်းကျိုးချမ်းသာကို ခံစားရစေသားလို့ ပါရှိပါတယ်။ ကျမ်းသစ္စာမှာပါတဲ့ ကျိန်စာများကို အဆိုရှင်က Power Point ဖြင့် ပြသခဲ့ပြီးဖြစ်ပါတယ်။

ဒီနေ့ကာလမှာ ငွေရှိသူ မမှန်မကန် တိုင်ကြားသူများရဲ့ နောက်မှာ မမှန်မကန်ထွက်ဆို ပေးတဲ့လူများလည်း ရှိနေပါတယ်။ အားနည်းပြီး ဆင်းရဲနွမ်းပါးတဲ့လူဘက်မှ အမှန်လိုက်ပေးမယ့် သက်သေများလည်း ရှားပါးပါတယ်။ ဒါကြောင့် အမှုစစ်တဲ့အခါမှာ တရားခွင်မှာ ကျမ်းသစ္စာကို တိကျ လေးနက်စွာ ကျိန်ဆိုစေလိုပါတယ်။ တရားသူကြီးများရဲ့ ဆုံးဖြတ်ချက်တွေဟာလည်း တရားခွင် သက်သေထွက်ချက်မှုများနဲ့ ဆက်စပ်နေပါတယ်။ တရားသူကြီးများကိုလည်း တရားခွင် စတက်တဲ့ အချိန်တွင် ကျမ်းသစ္စာကို ကျိန်ဆိုပေးမည်ဆိုပါက ပြည်သူများ သံသယကင်းပြီး တရားစီရင်ရေးကို ပိုမို ယုံကြည်လာနိုင်မှာဖြစ်ပါတယ်။ တရားသူကြီးများ တရားစီရင်တဲ့ ကျင့်ဝတ်ကို တရားသူကြီးတွေ၊ တရားရုံးဝန်ထမ်းတွေအားလုံး လေးစားလိုက်နာရန် လိုပါတယ်။ တရားသူကြီးများ ကျင့်ဝတ်ကို ဆောင်ရွက်ခြင်းအားဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခြေခံစည်းမျဉ်း အပိုဒ် ၁၀ အရ ပြစ်မှုအကြောင်းအရ တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်မှ တရားမျှတမှုအတိုင်း လူ့အဖွဲ့အစည်း ဖြစ်လာမည်။ တရားမျှတတဲ့ လူ့အဖွဲ့အစည်းခိုင်မာမှ ဒီမိုကရေစီ ခိုင်မာတာဖြစ်ပါတယ်။ ဒီမိုကရေစီ တည်တံ့ခိုင်မြဲခြင်းဟာလည်း ဖက်ဒရယ်စနစ်ကို အထောက်အပံ့ပေးမည် ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်မတို့ လက်ရှိအခြေအနေမှာ ပြည်သူ့အသံ၊ လွှတ်တော်အသံ၊ ပြည်သူ့ ဆန္ဒ၊ လွှတ်တော်ဆန္ဒ၊ ပြည်သူတွေရဲ့လိုအပ်ချက်၊ လွှတ်တော်ကဖော်ဆောင်ရွက် ဆိုတဲ့အတိုင်း ကျွန်မ တို့ဟာ ဥပဒေပြုရေး မဏ္ဍိုင်မှာရှိတဲ့ ပြည်သူကိုယ်စားပြုတဲ့ ကိုယ်စားလှယ်များ ဖြစ်တဲ့အတွက် ပြည်သူ များရဲ့ကိုယ်စား ယခင်တုန်းက တရားသူကြီးတွေကို ကျမ်းသစ္စာကျိန်ဆိုတာ မရှိသော်လည်းပဲ ယနေ့ လက်ရှိအခြေအနေအရ တရားသူကြီးများဟာ ကျမ်းသစ္စာကျိန်ဆိုသင့်ပါကြောင်း ပြည်သူများရဲ့ ယုံကြည် အားကိုးမှုကို ဒီထက်ပိုမိုရရှိလာပါမည်ဖြစ်ကြောင်း ပြောကြားရင်း ထောက်ခံဆွေးနွေးအပ်ပါတယ်ရှင်။

**အချိန်၊ ၁၂း၀၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၇။**

**ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆန်းမြင့် ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုးရဲ့ ပြည်သူများ ယုံကြည်ကိုးစား အားထားပြီး ဖြောင့်မတ်မှန်ကန်မျှတသည့် တရားစီရင်ရေး ဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့်သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေးအဆိုအား ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ တရားသူကြီးတစ်ဦးရဲ့ ပြုမူဆောင်ရွက်ချက်ဟာ တရားစီရင်ရေး ဆုံးဖြတ်ရာမှာ ဖြောင့်မတ်မှန်ကန်ကြောင်းကို ပြည်သူတို့ရဲ့ယုံကြည်ကိုးစားမှုရရှိရန် လိုအပ်ပါတယ်။ တရားစီရင်ရာမှာ အမှန်တရားကို ဆုံးဖြတ်ရုံသာမကဘဲ ထိုသို့ အမှန်တရားကို စီရင်ကြောင်း အများမြင်စေရာသည်လို့ (ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မောင်ရွှေ(ခ)မောင်ရွှေပါ နှင့် ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး တရားရုံးချုပ်၊ စာမျက်နှာ ၆၁၆)မှာ လမ်းညွှန်ထားပါတယ်။ ဒီ လမ်းညွှန်ချက်အရ တရားစီရင်ရေးကို ပြည်သူများ ယုံကြည်အားကိုးလာစေရန် အမှုသည်နှင့် သက်သေများအပြင် တရားသူကြီးများပါ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုကြရန် ဖြစ်ပါတယ်။ တရားရုံးများလက်စွဲ အပိုဒ် ၇၅ မှာ ကျမ်းသစ္စာအက်ဥပဒေ ပုဒ်မ ၇ အရ ကျမ်းသစ္စာ ကျိန်ဆိုရန်နှင့် ကတိသစ္စာဆိုရန် ပုံစံများကို ပြဋ္ဌာန်းထားပါတယ်။ ခရစ်ယာန်ဘာသာဝင်၊ ပါရစီဘာသာဝင်၊ ဗုဒ္ဓဘာသာဝင် လူပုဂ္ဂိုလ်၊ ရဟန်း သို့မဟုတ် သာမဏေ၊ ကိုယ်ဝန်ဆောင်မိန်းမ၊ တရုတ်လူမျိုးများအတွက် ဘာသာပြန်များ၊ ဂျူရီလူကြီးများ၊ ကျမ်းကျိန်လွှာတင်သွင်းသူများအတွက် ကျမ်းကျိန်ဆိုခြင်း ပုံစံများ ပြဋ္ဌာန်းထားပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ နှစ်ပေါင်း(၃၀)ကျော် တရားရုံးအသီးသီးမှာ အမှုတွေကို လိုက်ပါဆောင်ရွက်ခဲ့ပါတယ်။ တရားရုံးအသီးသီးမှာရှိတဲ့ ကျမ်းထုပ်အနီအိတ်အတွင်းမှာ သကြ္ကန်စာလောက် ကျွန်တော်တို့ ကျမ်းကျိန်လွှာထည့်သွင်းပြီးတော့ သစ်သားနဲ့ ပတ်ပြီးတော့ အိတ်ထဲထည့်ထားတာ ရှိပါတယ်။ ဒါပေမဲ့ တစ်ခုတော့ ကျွန်တော်တို့ ဦးစိုးမိုး ရဲ့ အဆိုကိုသာ အောင်မြင်ခဲ့လို့ အဲဒီတရားသူကြီးတွေ ကျမ်းကျိန်မယ်ဆိုရင်တော့ အဲဒီ ကျမ်းထုပ်ထဲမှာရှိတဲ့ ခုန ကျမ်းစာကိုတော့ တိတ်တဆိတ် ထုတ်ပယ်ထားမှာကိုတော့ စိုးရိမ်ဖွယ်ရာရှိပါတယ်။ အဲဒီတော့ ဒီကျမ်းထုပ်ရဲ့ အနီအိတ်ထဲမှာရှိတဲ့ ကျမ်းသစ္စာအနှစ်ချုပ်ကို ကျွန်တော် အနည်းငယ်တင်ပြရမယ်ဆိုရင် မဟုတ်မမှန် ထွက်ဆိုပါက သာသနာတော်စောင့်နတ်၊ လောကပါလနတ်၊ ပြည်စောင့်နတ်၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်တို့ရဲ့ ဘေးသင့်ပြီးသေစေခြင်း၊ ရေဝယ်သွားလည်း ရေနေအပေါင်း မိကျောင်း၊ လင်းပိုင်

တို့ရဲ့ ဘေးသင့်ပြီးသေစေခြင်း၊ ကြည်းဝယ်သွားလည်း ကျားသစ်၊ ဆင်ရဲ၊ မြွေပွေး၊ မြွေဟောက်တို့ရဲ့ ဘေးသင့်ပြီးသေစေခြင်း၊ သွေးခဲ၊ သွေးနက်၊ ပုပ်ပွဲထွက်၍ သေစေခြင်း၊ သား - - - - - - - - - -

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်ကြီး၊ ပေးထားတာ (၈)မိနစ်ပဲရှိပါတယ်။ ကိုယ်စားလှယ်ကြီး အခုဆွေးနွေးရမယ့်အဓိကက တရားသူကြီး၊ သက်သေ၊ တရားခံတွေကို တိတိကျကျ၊ လေးလေးနက်နက် ကျမ်းကျိန်ဖို့အဆိုနော်။ ဒီကျမ်းထဲမှာ ဘယ်လိုပါတာလဲ၊ ကိုယ်စားလှယ်ကြီးသာပြောရရင် (၈)မိနစ်တောင် ကမှာမဟုတ်ဘူး။ အဆိုကို ဆွေးနွေးရာရောက်မှာ မဟုတ်တော့ဘူး။

**ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ ဥက္ကဋ္ဌ။ ဟုတ်ကဲ့။ အဲဒီလို ပါရှိပါတယ်။ အဲဒီတော့ အမျိုးသားလွှတ်တော်၊ ပြည်သူတို့ရဲ့တိုင်ကြားစာဆိုင်ရာကော်မတီကို လည်းပဲ တရားသူကြီးများနဲ့ ပတ်သက်ပြီးတော့ တိုင်စာပေါင်းများစွာ တိုင်ကြားနေဆဲ ဖြစ်ပါတယ်။ ဒါဟာ တရားစီရင်ရေးမဏ္ဍိုင်ကို အဓိကမောင်းနှင်နေတဲ့ တရားသူကြီးများအပေါ် ယုံကြည်မှုအားနည်း နေတာကြောင့် ဖြစ်ပါတယ်။ The Oath Act ပုဒ်မ ၅ မှာ သက်သေများ၊ ဂျူရီလူကြီးများ ကျမ်းသစ္စာ ကျိန်ဆိုဖို့ ပြဋ္ဌာန်းထားပါတယ်။ တရားရုံးများ လက်စွဲအပိုဒ် ၇၃ ကနေ ၇၅ အထိမှာလည်း သက်သေ များ၊ ဂျူရီလူကြီးများ၊ ကျမ်းသစ္စာကျိန်ဆိုရေး၊ ကတိသစ္စာပြုရေးတို့နဲ့စပ်လျဉ်းပြီး ပြဋ္ဌာန်းထားပါတယ်။ သက်သေများကို ကျမ်းသစ္စာကျိန်ဆိုပြီး ထွက်ဆိုချက်ပေးရတဲ့အတွက် အမှန်တရားကို ပိုမိုပြီး ရရှိနိုင်မှာ ဖြစ်ပါတယ်။ The Oath Act ဆိုတဲ့ ကျမ်းသစ္စာကျိန်ဆိုရေး ဥပဒေမှာတော့ တရားသူကြီးများက ကျမ်းသစ္စာကျိန်ဆိုရမယ်လို့ ပြဋ္ဌာန်းချက် မပါ ပါဘူး။ သို့အတွက် တရားစီရင်ရေးမဏ္ဍိုင်ကို အဓိက မောင်းနှင်နေတဲ့ တရားသူကြီးများအပေါ် ပြည်သူတစ်ရပ်လုံးက ယုံကြည်မှု ကင်းမဲ့နေခြင်းဖြစ်ပါတယ်။

တရားစီရင်ရေးမဏ္ဍိုင် ယိမ်းယိုင်ပြိုလဲမှုမဖြစ်စေရေး၊ ပြည်သူများက တရားရုံးများအပေါ် အမှန်တရားအတွက် အားကိုးလာရေး၊ တရားသူကြီးများအပေါ် ယုံကြည်မှု၊ ကြည်ညိုလေးစားမှု ရရှိ လာရေးအတွက် တရားရေးမဏ္ဍိုင်ကို မတိမ်းစောင်းစေရန် အဓိက မောင်းနှင်နေတဲ့ တရားသူကြီး များအား ကျမ်းသစ္စာကျိန်ဆိုနိုင်ရေး The Oath Act ကို ပြင်ဆင် ဖြည့်စွက်သင့်ပါကြောင်း အကြံပြု တင်ပြရင်း ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုး ရဲ့ အဆိုအား ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၁၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ)ဦးမောင်စိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၂။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစား အပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ကိုယ်ရောစိတ်ပါ ဘေးရန်ကွာပြီးတော့ ကျန်းမာကြပါစေ၊ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဖြစ်ပါတယ်။ ကျွန်တော် အခုဆွေးနွေးမှာကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုး တင်သွင်းတဲ့ အများပြည်သူများ ယုံကြည်ကိုးစားအားထားပြီး

ဖြောင့်မတ်မှန်ကန်မျှတတဲ့ တရားစီရင်ရေး ပေါ်ထွန်းလာစေရန် တရားသူကြီး၊ အမှုသည်နဲ့ သက်သေများ တရားခွင်မှာ ကျမ်းသစ္စာ လေးနက်စွာကျိန်ဆိုရေးကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အထူးသဖြင့် တရားသူကြီးများ ကျမ်းသစ္စာကျိန်ဆိုရေးကို အလေးထား တင်သွင်းထားတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တရားရုံးတွေဟာ တရားစီရင်တဲ့အခါမှာ တရားစီရင်ရေးမူဖြစ်တဲ့ ပြည်သူတို့ရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ နယ်မြေအေးချမ်းသာယာရေး တည်ဆောက်ရန်မှာ အထောက်အကူဖြစ်စေဖို့အတွက် အလေးထား ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ တရားသူကြီးတွေဟာ အဂတိမလိုက်စားဘဲ တရားစီရင်ရန် တာဝန်ယူသစ္စာပြုထားကြသူ ဖြစ်ပါတယ်။ မှန်ကန်မျှတတဲ့ အဂတိမလိုက်စားဘဲနဲ့ တရားစီရင်မှသာ ပြည်သူများက တရားစီရင်ရေးစနစ်ကို ယုံကြည်အားကိုးလာမှာ ဖြစ်ပါတယ်။ ဒီလို ပြည်သူတွေ ယုံကြည်အားကိုးလာတဲ့ တရားစီရင်ရေးစနစ်ပေါ်ထွန်းမှသာ ပြည်သူအချင်းချင်း မှုခင်းပဋိပက္ခဖြစ်တဲ့အခါမှာ အေးချမ်းစွာဖြေရှင်းနိုင်ကြပြီးတော့ တရားရုံးတွေအနေနဲ့က မြို့ပြ၊ ရပ်ရွာတွေကို စည်းလုံးညီညွတ်ရေးကို ကူညီထိန်းသိမ်း ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ တရားစီရင်ရာမှာ အမှန်တရားက အဓိကဖြစ်ပါတယ်။ ဒီအမှန်တရားကို တရားရုံးရှေ့နေတွေ၊ အမှုသည်တွေ၊ သက်သေတွေက ဝိုင်းဝန်းဖော်ထုတ်ကြရမှာ ဖြစ်ပါတယ်။ အမှန်တရားပေါ်မှာ အခြေပြုမှသာ တရားစီရင်ရေးဟာ ပြည်သူတွေကို အကျိုးပြုခွင့်ပေးရာရောက်ပြီးတော့ မျှတခြင်းကို ဆောင်နေပါလိမ့်မယ်။ တရားရုံးတွေမှာ တရားမျှတခြင်း ထွန်းကားနိုင်ဖို့အတွက် အဖက်ဖက်က သန့်ရှင်းစင်ကြယ်ခြင်း၊ ယုံကြည်ချက်မှန်ကန်ခြင်းနဲ့ စေတနာပြည့်ဝတဲ့၊ တက်ကြွတဲ့ ဝီရိယရှိခြင်းတို့ လိုအပ်ပါတယ်။ အမှုပွဲစားတွေ၊ အငှားအာမခံသူတွေ၊ သက်သေလိုက်သူတွေ စတဲ့ မလိုအပ်တဲ့လူတွေ ဖယ်ရှားပြီးတော့ တရားရုံးတွေကို သန့်ရှင်းစင်ကြယ်ဖို့ လိုအပ်ပါတယ်။

ထိုနည်းတူစွာပဲ တရားစီရင်တဲ့ တရားသူကြီးတွေက အမှန်တရားကို ဖော်ထုတ်ရန် ကူညီဆောင်ရွက်ပေးတဲ့ ရှေ့နေ၊ အကျိုးဆောင်တွေ ကျင့်ဝတ်သိက္ခာနှင့်အညီ တာဝန်ထမ်းဆောင်ပြီး တရားရုံးစာရေးတွေ၊ အမှုထမ်းတွေကလည်း မှုခင်းတွေကို ကြန့်ကြာခက်ခဲမှုမရှိအောင် ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ မှုခင်းတွေကို စီရင်ရာမှာ အမှုထမ်းတွေက လိုအပ်တဲ့အမိန့်တွေကို ရေးဆွဲရာမှာဖြစ်စေ၊ အမှုတွဲတွေ ဖြည့်စွက်ရာမှာဖြစ်စေ၊ အခြားလိုအပ်တဲ့လုပ်ငန်းတွေကို လုပ်ကိုင်ရာမှာဖြစ်စေ၊ အချိန်ဆွဲထားတာတွေ၊ မတော်မတရားလုပ်တာတွေဟာ တရားရုံးကို ရောက်ရှိလာတဲ့ ပြည်သူတွေကို များစွာနစ်နာစေပါတယ်။ ရာဇဝတ်မှုတွေကို အဆင့်ဆင့်ရေးမှတ်တဲ့ စာရေးတွေကလည်း မှုခင်းအလျောက် တရားဝင်ပေးသွင်းရတဲ့ အခကြေးငွေတွေကို ဥပဒေက ပြဋ္ဌာန်းထားတဲ့အတိုင်း မကောက်ခံဘဲနဲ့ ပိုမိုတောင်းခံသူရှိလျှင်လည်း ထိုသူကို ရာဇဝတ်အပြစ်ခံစေရမယ်လို့ ရန္တမိတ်ကျော်ထင် စီရင်ဆုံးဖြတ်တဲ့ ရေစကြိုခုံတော်ဖြတ်ထုံးရဲ့ ၁၉၆၆ ခုနှစ်၊ အထူးရာဇဝတ်ခုံရုံး၊ အယူခံအဖွဲ့ စာမျက်နှာ (၉၂)၊ (၉၃) မှာ တွေ့ရှိရမှာဖြစ်ပါတယ်။ တရားစီရင်ရာမှာ တရားစီရင်ရေးအာဏာဟာ ကိုယ်ပိုင်အာဏာ မဟုတ်ပါဘူး။ အများအကျိုးနဲ့အမှန်ကို ဖြစ်စေဖို့အတွက် ပြည်သူက ယုံကြည်အပ်နှံထားတဲ့ အာဏာဖြစ်တယ်ဆိုတာ အမြဲသတိချပ်ဖို့ လိုအပ်ပါတယ်။ အဂတိလိုက်စားမှုဟာ နှစ်မြို့ဖွယ်မရှိတဲ့ ပြစ်မှုမျိုးဖြစ်ပါတယ်။ တရားမျှတခြင်းရဲ့ ထွန်းကားရာဖြစ်တဲ့ တရားရုံးတွေမှာ အဂတိလိုက်စားခြင်းဟာ ပိုပြီး မနှစ်သက်ဖွယ်ဖြစ်ပါတယ်။ တရားသူကြီးတွေက အဂတိမလိုက်စားဘဲ ဖြောင့်မတ်မှန်ကန် တရားစီရင်

မှသာ ပြည်သူတွေ တရားစီရင်ရေးစနစ်ကို အားကိုးယုံကြည်ကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ စည်းရုံးရေးကို တရားရုံးတွေက အကျိုးပြုပေးမှာဖြစ်ပါတယ်။

ပြည်သူ့ဝန်ထမ်းတွေဟာ ပြည်သူကပေးတဲ့ လစာကိုယူပြီးတော့ ပြည်သူ့တာဝန်တွေကို ထမ်းဆောင်ပြီး ပြည်သူအပေါ် သစ္စာတည်ရန်ဖြစ်ပါတယ်။ လစာကိုယူပြီး အပ်နှင်းထားတဲ့ အာဏာကို တာဝန်မဲ့ အလွဲသုံးစားလုပ်နေတဲ့ ပြည်သူ့ဝန်ထမ်းတွေဟာ ကြီးလေးတဲ့ပြစ်မှုကို ကျူးလွန်ကြတယ်ဟု ၁၉၆၆ ခုနှစ်၊ အထူးရာဇဝတ်ခုံရုံး စာမျက်နှာ(၁၅)မှာ တွေ့ရှိရမှာဖြစ်ပါတယ်။ အခြားနိုင်ငံ တရားသူကြီးတွေ ကျမ်းသစ္စာကျိန်ဆိုပုံကို ကျွန်တော့်ကို Power Point နဲ့ တင်ပြခွင့်ပြုပါ။ အမေရိကန် နိုင်ငံရဲ့ ကျမ်းသစ္စာကျိန်ဆိုပုံက ၁၉၄၈ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့က ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေအတိုင်း ကျမ်းသစ္စာ ကျိန်ဆိုရပါတယ်။ ကျွန်ုပ်(-----------) သည် အမေရိကန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံမူနှင့် သတ်မှတ်ထားတဲ့ ဥပဒေများအတိုင်း ကျွန်ုပ်သည် Impartially မျက်နှာမလိုက်ဘဲ Justice Without Respect to Person and do equal Right to the Poor and to the Rich ဆင်းရဲချမ်းသာမရွေး ဥပဒေနဲ့ အညီ လေးနက်မှန်ကန်စွာ ထမ်းဆောင်ပါမည်ဟု ကျမ်းသစ္စာ ကျိန်ဆိုလေ့ရှိပါတယ်။

နောက်တစ်ခုက UK ၊ UK မှာဆိုရင်တော့ ထူးခြားပါတယ်။ UK မှာ ဖွဲ့စည်းပုံအခြေခံမူနဲ့ လာတာမဟုတ်ဘဲ ခေတ်အဆက်ဆက်က ဖြတ်ထုံးတွေနဲ့ ဘုရင်တွေက ရေးဆွဲထားတဲ့ ဥပဒေတွေကြောင့် (၂)ခါ ကျမ်းကျိန်ရပါတယ်။ ပထမတစ်ခါ ကျမ်းကျိန်ရတယ်။ oath the ကျွန်တော်တို့ Allegiance နောက် ဒုတိယ ကျွန်တော်တို့ Judicial oath ဆိုပြီးတော့ (၂)ခါ ကျမ်းကျိန်ရတာရှိတယ်။ ဒါက တခြား နိုင်ငံတွေက ကျမ်းကျိန်ရတာ။ ဒီလိုကျမ်းသစ္စာကျိန်ဆိုတဲ့အခါမှာ ခရစ်ယာန်ဘာသာဝင်မဟုတ်တဲ့ အခြားဘာသာဝင် တရားသူကြီးဆိုရင် အောက်ဖော်ပြပါအတိုင်း စကားရပ်ကို အစားထိုးနိုင်သည်။ ဟိန္ဒူဆိုရင်I swear by Gita၊ ဂျူးဆိုရင် ကြိုက်သလို ဆိုလို့ရတယ်တဲ့၊ မူဆလင် ဆိုရင် I swear by Allah၊ Sikh ဆိုရင်တော့ I swear by Guru Nanak ဆိုပြီးတော့ ကျွန်တော်တို့ UK မှာ ပြဋ္ဌာန်းထားတဲ့ တရားသူကြီးတွေ ကျမ်းသစ္စာ ကျိန်ဆိုနည်းဖြစ်ပါတယ်။

နောက် စင်ကာပူမှာ၊ စင်ကာပူမှာကျတော့ ကျွန်တော်တို့ စင်ကာပူဟာ သက္ကရာဇ် ၂၀၀၀ မှာ Oaths and Declarations Act ဆိုပြီးတော့ ဥပဒေတစ်ရပ်ကို စနစ်တကျ ပြဋ္ဌာန်းထားတာရှိတယ်။ ဒီဥပဒေမှာ အခန်း(၅)ခန်းပါတယ်။ ပုဒ်မ ၁၉ ခုပါပြီး အခန်း(၁)မှာတော့ အမည်နဲ့ အနက်အဓိပ္ပာယ် ဆိုပြီး ဖွင့်ဆိုထားတာ ပါရှိတယ်။ အခန်း(၂)မှာတော့ ထပ်ပြီးတော့ ရှင်းလင်းချက်တွေရှိတယ်။ စင်ကာပူ ဥပဒေဟာ အချင်းချင်းဥပဒေပဋိပက္ခမဖြစ်အောင် ပြဋ္ဌာန်းထားတာ အထူးပဲ လေးစားလောက်ပါတယ်။ ပုဒ်မ (၄-၁)မှာဆိုရင် အခြားဥပဒေကို မလွှမ်းမိုးဘဲ ဆိုတဲ့စကားရပ်တစ်ခုပါတယ်။ Without Prejudice to the Provisions of any other written Law ဆိုပြီးတော့ ဒီပုဒ်မတွေက အလကားထည့်ထားတာ မဟုတ်ဘူး။ အခြားဥပဒေကို မလွှမ်းမိုးပါဘူးဆိုတဲ့ ပြဋ္ဌာန်းချက်တွေက အရမ်းကို ဂုဏ်ယူဖို့ကောင်း ပါတယ်။ နောက် အခန်း(၃)မှာဆို တားမြစ်ချက်တွေ ပြဋ္ဌာန်းတယ်။ ဘယ်လောက်ထိ တိကျသလဲဆို စင်ကာပူစစ်တပ်ရဲ့ စစ်ခုံရုံးကအစ သက်ဆိုင်တဲ့ ပြဋ္ဌာန်းချက်ကို ပုဒ်မ (၁၄-၂)နဲ့ (က)နဲ့ (ခ)မှာတောင် ထည့်သွင်းပြဋ္ဌာန်းထားတာရှိပါတယ်။ အခန်း(၄)မှာတော့ ရုံးနဲ့ အခြားကျမ်းသစ္စာ ကျိန်ဆိုနည်းတွေ ပြဋ္ဌာန်းထားပါတယ်။ အခန်း(၅)မှာတော့ ယေဘုယျပြဋ္ဌာန်းချက်တွေရှိတယ်။ စင်ကာပူနိုင်ငံရဲ့ဥပဒေဟာ ဘယ်လောက်ထိစနစ်ကျလဲဆိုရင် အောက်ဆုံးမှာ ပြဋ္ဌာန်းထားတဲ့ဇယားက အခြားဥပဒေနဲ့ ဘာကွာသလဲ

ဆိုတော့ Comparative Table တောင် ထည့်ထားလိုက်သေးတယ်။ ဒါဟာ ကျွန်တော်တို့ အင်မတန် အတုယူစရာကောင်းတဲ့ ဥပဒေပါ။

ဒါ နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့ အထူးရာဇဝတ်ခုံရုံးအဖွဲ့ စာမျက်နှာ(၆)က တရားသူကြီး မမည်သူ (၇)ယောက်ကို ဖော်ပြထားတာဖြစ်ပါတယ်။ ဒီ(၇)ယောက်က ဘယ်လိုတရားသူကြီးလဲဆိုရင် အမျိုးအနွယ်မြင့်မြတ်လို့ ဘက်လိုက်ပြီးတော့ မနိုင်တဲ့အမှုကို အနိုင်ပေးတတ်တဲ့ တရားသူကြီး၊ (၂) ငွေကြေးလာဘ်စားပြီး ရှုံးမယ့်သူကို အနိုင်ပေးလိုက်တဲ့ တရားသူကြီး၊ (၃) ကိုယ့်လူမျိုးဆိုပြီး ရှုံးတာကို အနိုင်ပေးတဲ့ တရားသူကြီး၊ (၄) စီးပွားပျက်မှာ အသတ်ခံရမှာကြောက်ပြီး ရှုံးမယ့်သူကို အနိုင်ပေး လိုက်တဲ့ တရားသူကြီး၊ နောက် (၅) သူဟာ ငါ့ရန်သူပဲဆိုပြီး နိုင်နေတာကို အရှုံးပေးလိုက်တဲ့ ထောင်ချ လိုက်တဲ့ တရားသူကြီး၊ (၆) တရားတာ မတရားတာ၊ မဟုတ်တာ မမှန်တာကို မှန်မှန်ကန်ကန် မသိဘဲ ဆုံးဖြတ်လိုက်တဲ့ တရားသူကြီး၊ (၇) လောဘတက်ပြီး ချမ်းသာတဲ့လူကို ဘက်လိုက်ပြီးတော့ ဆင်းရဲတဲ့ သူကို ခြိမ်းခြောက်ပြီးတော့ မဟုတ်မမှန်သိရက်နဲ့ မတရားစီရင်လိုက်တဲ့ တရားသူကြီး၊ အဲဒီလို အဂတိ လိုက်တဲ့ (၇)မျိုးသော တရားသူကြီးကို ဘာလုပ်သင့်သလဲဆိုရင် ပြည့်ရှင်မင်းဖြစ်တဲ့ နိုင်ငံတော် သမ္မတကြီးက အမတ်သူတော်ကောင်း ကိုယ်စားလှယ်တွေနဲ့ တိုင်ပင်ပြီးတော့ ဒီလိုတရားသူကြီးတွေကို ရာထူးက နှင်ထုတ်ပြီးတော့ ပိုင်ဆိုင်မှုတွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းပိုက်လိုက်မှ နိုင်ငံတော်ကြီး အေးချမ်းသာယာလာမည် ဖြစ်ပါတယ်တဲ့။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၁၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူခြင်းတို့ကို မနက်ဖြန်ကျင်းပမယ့် အစည်းအဝေးမှာ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် ဒသမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၂၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နား ပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။
**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၂း၂၀ နာရီ အချိန်တွင် ရပ်နားပါသည်။]